မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၂၁ ]** ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက် ( ၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက် ) } **သောကြာနေ့ [ အတွဲ ၇၀**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၇/၂၀၁၇**

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

( ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၉ ရက် )

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးအောင်ထူးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက် )

### ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅၅၊ ပုဒ်မခွဲ (ခ) နှင့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၄ အရ အပ်နှင်းသည့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ လုပ်ကိုင် ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ ထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချခြင်းလုပ်ငန်းများတွင် အကျုံးဝင်သည့် ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေ တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်

(၃/၂၀၁၇) ခွင့်ပြုချက်ဖြင့် အောက်ပါဇယားအပိုဒ်ခွဲ (က) တွင်ပါရှိသော အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အား လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်၊ မြေပုံအညွှန်းပါ ဧရိယာအကျယ်အဝန်း၊ နယ်မြေသတ်မှတ်ချက်တွင် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ တစ်နှစ်တိတိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

| **လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်၊ အကျယ်အဝန်း၊ မြေပုံအညွှန်း** | | |
|---|---|---|
| (က) | အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အမည် | - ဦးလေးလွင် (ကံသရဖူအဖွဲ့) |
| (ခ) | မှတ်ပုံတင်အမှတ် | - ၈/ပခက (နိုင်) ၀၀၃၉၃၃ |
| (ဂ) | နေရပ်လိပ်စာအပြည့်အစုံ | - အမှတ် (၆) ရပ်ကွက်၊ မြိုင်လမ်း၊ ပခုက္ကူမြို့။ |
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | - မကွေးတိုင်းဒေသကြီး |
| (င) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | - |
| (စ) | ခရိုင် | - ဂန့်ဂေါ |
| (ဆ) | မြို့နယ် | - ဆော |
| (ဇ) | အကျယ်အဝန်း (ဧက) | - ၄၀၀ ဧက |
| (ဈ) | နယ်မြေသတ်မှတ်ချက် | - (၁) ပီအို-၄၅၀၈၁၀ မှ ပီအို-၄၅၈၈၁၀ ထိ<br>(၂) ပီအို-၄၅၈၈၁၀ မှ ပီအို-၄၅၃၇၇၅ ထိ<br>(၃) ပီအို-၄၅၃၇၇၅ မှ ပီအို-၄၅၀၇၇၅ ထိ<br>(၄) ပီအို-၄၅၀၇၇၅ မှ ပီအို-၄၅၀၈၁၀ ထိ |
| (ည) | မြေပုံညွှန်း | - တစ်လက်မ = တစ်မိုင်စကေး |
| (ဋ) | မြေပုံအမှတ် | - **(၈၄/ကေ-၄)** |

၃။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များသည် လုပ်ငန်းဆောင်ရွက်သည့်နေ့မှစတင်၍ ဤခွင့်ပြုမိန့်နှင့်ပူးတွဲပါ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်အညီ တိတိကျကျလုပ်ကိုင်ဆောင်ရွက်ရမည်။

၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၉ အရ အထက်အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့်တာဝန်ကို ဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

## လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

၁။ ရေနံလက်ယက်တွင်း (ပေတိမ်) တူးဖော်ရာတွင် အများဆုံး အနက်ပေ ၁၀၀၀ (ပေတစ်ထောင်) အထိသာ တူးဖော်ရမည်။

၂။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းရှိ တွင်းတစ်တွင်း သို့မဟုတ် တွင်းစုများ၏ပတ်ဝန်းကျင် ပေ ၅၀ အကွာမှ စည်းရိုးဝင်းခြံပြုလုပ်၍ အကာအကွယ်၊ အဟန့်အတားပြုလုပ်ထားရမည်။

၃။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းသို့ အသက်မပြည့်သေးသော ကလေးသူငယ်များ၊ ကျွဲ၊ နွား တိရစ္ဆာန်များ မဝင်ရောက်စေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်သွားရမည်။

၄။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များ စနစ်တကျကြိုတင်ထားရှိရမည်။

၅။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ဘေးအန္တရာယ်မဖြစ်စေရေးအတွက် တူးဖော်ထုတ်လုပ်ခွင့်ပြုထားသည့်ဧရိယာများတွင် ရေနံစိမ်းများ စီးဆင်းယိုဖိတ်မှုမဖြစ်စေရေးကို အထူးကြပ်မတ်ဆောင်ရွက်ရမည်။

၆။ ရေနံတူးဖော်စဉ် သဘာဝဓာတ်ငွေ့ထွက်ရှိပါက စွမ်းအင်ဝန်ကြီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်။

၇။ နေ့စဉ် ရေနံစိမ်းထုတ်လုပ်မှုပမာဏကို စာရင်းဇယားများ ပြုစုထားရှိပြီး တစ်လလျှင် တစ်ကြိမ် ထုတ်လုပ်မှုစုစုပေါင်းကို လကုန်ပြီးနောက် ခုနစ်ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်တင်ပြရမည်။

၈။ တူးဖော်ထုတ်လုပ်ခွင့်ရရှိသူအနေဖြင့် လျှောက်လွှာစိစစ်ပေးရသည့် ဝန်ဆောင်ခ၊ တူးဖော်ခွင့်ပြုမိန့် လိုင်စင် (အသစ်) ကြေး၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (သက်တမ်းတိုး) ကြေးနှင့် တူးဖော်လုပ်ကိုင်ခွင့်ရရှိသည့် မြေငှားရမ်းခတို့ကို သတ်မှတ်နှုန်းထားများအတိုင်း မပျက်မကွက်ပေးဆောင်ရမည်။

၉။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သတ်မှတ်သည့် ခိုင်ကြေး (Royalty) ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်ပေးဆောင်ရမည်။

၁၀။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများရောင်းချမှုအပေါ်တွင် စည်းကြပ်သည့်အမြတ်ခွန်ကို မပျက်မကွက် ပေးဆောင်ရမည်။

၁၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိလုပ်ကိုင်ခွင့်ရရှိသည့် ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော် ထုတ်လုပ်သည့်လုပ်ငန်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

၁၂။ လုပ်ကိုင်ခွင့်ပြုမိန့် (အသစ်) နှင့် ခွင့်ပြုမိန့် (သက်တမ်းတိုး) ရရှိသူအားလုံးအတွက် **သုံးလအတွင်း ရေနံ**ထုတ်လုပ်နိုင်ခြင်းမရှိပါက လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်။

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များ

(က) ရေနံလက်ယက်တွင်းတိမ်တူးရန်နေရာကို တွင်းတစ်တွင်းနှင့်တစ်တွင်းကြား အရေးပေါ်မီးသတ်ယာဉ်များ အလွယ်တကူဝင်ထွက်သွားလာနိုင်မည့် လမ်းနေရာချန်လှပ်၍ သတ်မှတ်ခြင်းနှင့် တွင်းတစ်တွင်းနှင့် တစ်တွင်းကြား မီးတားလမ်းများ ထားရှိခြင်းပြုရမည်။

(ခ) မီးသတ်ယာဉ်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်နိုင်ရန် ဆီမီးသတ်အမြှုပ်ဆေးရည် (Foam Compound) အနည်းဆုံး ဂါလန် ၅၀ ထားရှိရမည်။

(ဂ) လုပ်ကွက်အတွင်း မီးသတ်ကားဝင်ရောက်နိုင်ခြင်းမရှိသောနေရာဖြစ်လျှင် ယင်းနေရာ၌ မီးလောင်ကျွမ်းမှု ဖြစ်ပွားပါက အလွယ်တကူသုံးစွဲနိုင်ရေးအတွက် ဓာတုဗေဒဆေးမှုန့်ခြောက် မီးသတ်ဆေးဘူးတွန်းလှည်း (Dry Chemical Power Trolley Type 50 Kg, 35 Kg) များ ထားရှိရမည်။

(ဃ) ပတ်ဝန်းကျင်ကျေးရွာများနှင့် ရေနံလုပ်ကွက်များအကြား ဘေးကင်းလုံခြုံရေးအကွာအဝေး (Safety Distance) ကို အနည်းဆုံး ပေ ၁၀၀၀ ထားရှိရန်။

(င) ရေနံမြေဧရိယာကို သီးသန့်ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်၍ လူနေထိုင်ခြင်းနှင့် မီးသုံးစွဲခြင်း တို့ကို (လုံး၀) ရှောင်ကြဉ်ရမည့်အပြင် မီးသတိပေးပိုစတာများ စိုက်ထူခြင်း၊ အရေးပေါ်မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိခြင်း ပြုရမည်။

(စ) ရေနံတွင်းတိုင်းတွင် အရေးပေါ် မီးသတ်ကိရိယာများ၊ သဲကန်များနှင့် ဂေါ်ပြားများ ပြည့်စုံလုံလောက်စွာ ထားရှိရမည်။

(ဆ) ရေနံတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လက်တွေ့ဆောင်ရွက်ကြရသည့် တွင်းခပ်ရေနံလုပ်သားများအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ပြုလုပ်ရမည်။

(ဇ) တွင်းခပ်လုပ်သားများအား နေ့စဉ် အဆိုင်းသုံးဆိုင်းဖွဲ့စည်း၍ အလှည့်ကျတာဝန်ပေးသည့်စနစ်ကို သုံးပြီး လုပ်ငန်းဆောင်ရွက်စေခြင်းနှင့် ညပိုင်းတာဝန်ကျလုပ်သားများအတွက် အနီးကပ်ကြီးကြပ်နိုင်သူ အနည်းဆုံး တစ်ဦးထားရှိပြီး လုပ်ငန်းဆောင်ရွက်မှုကို စနစ်တကျကွပ်ကဲရမည်။

(ဈ) ရေနံထွက်ပစ္စည်းများသည် မီးစတင်စွဲငြိနိုင်သည့်အပူချိန် (Flash Point) နိမ့်ပြီး စိုထိုင်းဆ နည်းခြင်းကြောင့် ကိုင်တွယ်ရွှေ့ပြောင်းရာတွင် အထူးအလေးထားဂရုပြုဆောင်ရွက်ရမည်။

(ည) ရေနံခပ်ခွက်များတွင် လက်ကိုင်သံကိုင်းများအစား ကြေးကိုင်းများဖြင့် အစားထိုးတပ်ဆင်ခြင်း သို့မဟုတ် ပလတ်စတစ်အုပ်ထားသောသံကိုင်းများ တပ်ဆင်သုံးစွဲခြင်းပြုရမည်။

(ဋ) ရေနံတွင်းများမှ ရေနံစိမ်းခပ်ယူသည့်အချိန်တွင် အလျင်စလိုဆောင်ရွက်ခြင်းမပြုဘဲ ပွတ်တိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ဖြည်းဖြည်းနှင့်မှန်မှန် အတင်/အချ ပြုလုပ်ရမည်။

(ဌ) ထုတ်လုပ်ရရှိလာသောရေနံစိမ်းများကို ယာယီသိုလှောင်ထားရှိမည့်နေရာသို့ အချိန်နှင့်တစ်ပြေးညီ ရွှေ့ပြောင်းထားရှိခြင်းနှင့် ရေနံတွင်းအနီးတွင် ရေနံစိမ်းဂါလန် ၁၀၀ ထက် ပိုမိုထားရှိခြင်းမပြုရ။

(ဍ) ရေနံစိမ်းများ သယ်ယူရွှေ့ပြောင်းရာတွင် ဖိတ်စဉ်မှုမရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်ရမည်။

(ဎ) ရေနံခပ်ရာတွင် အသုံးပြုသော ကလပ်ခုံနှင့် ဒီဇယ်အင်ဂျင်စက်များကို ရေနံတွင်းနှင့် အနည်းဆုံး ၁၅ ပေအကွာတွင် ထားရှိ၍ အင်ဂျင်စက်များတွင် အိပ်ဇောဆလင်ဒါတပ်ဆင်ထားရမည်ဖြစ်ပြီး အိပ်ဇော အပေါက်ဝကို ရေနံတွင်းနှင့်ဆန့်ကျင်ဘက်အရပ်မျက်နှာသို့ လှည့်ထားရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက် )

### ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅၅၊ ပုဒ်မခွဲ (ခ) နှင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ ထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချခြင်းလုပ်ငန်းများတွင် အကျုံးဝင်သည့် ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေ တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) ခွင့်ပြုချက်ဖြင့် တစ်ဖက်ဇယားပါအပိုဒ်ခွဲ (က) တွင် ပါရှိသော အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အား လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်၊ မြေပုံအညွှန်းပါ ဧရိယာအကျယ်အဝန်း၊ နယ်မြေသတ်မှတ်ချက်တွင် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ တစ်နှစ်တိတိ လုပ်ကိုင်ဆောင်ရွက် ခွင့်ပြုလိုက်သည် -

| **လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်၊ အကျယ်အဝန်း၊ မြေပုံအညွှန်း** | | |
|---|---|---|
| (က) | အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အမည် | - ဦးလေးလွင် (ကံသရဖူအဖွဲ့) |
| (ခ) | မှတ်ပုံတင်အမှတ် | - ၈/ပခက (နိုင်) ၀၀၃၉၃၃ |
| (ဂ) | နေရပ်လိပ်စာအပြည့်အစုံ | - အမှတ် (၆) ရပ်ကွက်၊ မြိုင်လမ်း၊ ပခုက္ကူမြို့။ |
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | - မကွေးတိုင်းဒေသကြီး |
| (င) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | - |
| (စ) | ခရိုင် | - ဂန့်ဂေါ |
| (ဆ) | မြို့နယ် | - ဆော |
| (ဇ) | အကျယ်အဝန်း (ဧက) | - ၂၈၀ ဧက |
| (ဈ) | နယ်မြေသတ်မှတ်ချက် | - (၁) ပီအို-၄၄၇၇၆၃ မှ ပီအို-၄၅၂၇၆၃ ထိ<br>(၂) ပီအို-၄၅၂၇၆၃ မှ ပီအို-၄၄၆၇၃၆ ထိ<br>(၃) ပီအို-၄၄၆၇၃၆ မှ ပီအို-၄၄၁၇၃၆ ထိ<br>(၄) ပီအို-၄၄၁၇၃၆ မှ ပီအို-၄၄၇၇၆၃ ထိ |
| (ည) | မြေပုံညွှန်း | - တစ်လက်မ = တစ်မိုင်စကေး |
| (ဋ) | မြေပုံအမှတ် | - **(၈၄/ကေ-၄)** |

၃။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များသည် လုပ်ငန်းဆောင်ရွက်သည့် နေ့မှစတင်၍ ဤခွင့်ပြုမိန့်နှင့်ပူးတွဲပါ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်အညီ တိတိကျကျလုပ်ကိုင် ဆောင်ရွက်ရမည်။

၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၉ အရ အထက်အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့်တာဝန်ကို ဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

## လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

၁။ ရေနံလက်ယက်တွင်း (ပေတိမ်) တူးဖော်ရာတွင် အများဆုံး အနက်ပေ ၁၀၀၀ (ပေတစ်ထောင်) အထိသာ တူးဖော်ရမည်။

၂။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းရှိ တွင်းတစ်တွင်း သို့မဟုတ် တွင်းစုများ၏ပတ်ဝန်းကျင် ပေ ၅၀ အကွာမှ စည်းရိုးဝင်းခြံပြုလုပ်၍ အကာအကွယ်၊ အဟန့်အတားပြုလုပ်ထားရမည်။

၃။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းသို့ အသက်မပြည့်သေးသော ကလေးသူငယ်များ၊ ကျွဲ၊ နွား တိရစ္ဆာန်များ မဝင်ရောက်စေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်သွားရမည်။

၄။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များ စနစ်တကျကြိုတင်ထားရှိရမည်။

၅။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ဘေးအန္တရာယ်မဖြစ်စေရေးအတွက် တူးဖော်ထုတ်လုပ်ခွင့်ပြုထားသည့်ဧရိယာများတွင် ရေနံစိမ်းများ စီးဆင်းယိုဖိတ်မှုမဖြစ်စေရေးကို အထူးကြပ်မတ်ဆောင်ရွက်ရမည်။

၆။ ရေနံတူးဖော်စဉ် သဘာဝဓာတ်ငွေ့ထွက်ရှိပါက စွမ်းအင်ဝန်ကြီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်။

၇။ နေ့စဉ် ရေနံစိမ်းထုတ်လုပ်မှုပမာဏကို စာရင်းဇယားများ ပြုစုထားရှိပြီး တစ်လလျှင် တစ်ကြိမ် ထုတ်လုပ်မှုစုစုပေါင်းကို လကုန်ပြီးနောက် ခုနစ်ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်တင်ပြရမည်။

၈။ တူးဖော်ထုတ်လုပ်ခွင့်ရရှိသူအနေဖြင့် လျှောက်လွှာစိစစ်ပေးရသည့် ဝန်ဆောင်ခ၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (အသစ်) ကြေး၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (သက်တမ်းတိုး) ကြေးနှင့် တူးဖော်လုပ်ကိုင်ခွင့်ရရှိသည့် မြေငှားရမ်းခတို့ကို သတ်မှတ်နှုန်းထားများအတိုင်း မပျက်မကွက်ပေးဆောင်ရမည်။

၉။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သတ်မှတ်သည့် ခိုင်ကြေး (Royalty) ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်ပေးဆောင်ရမည်။

၁၀။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများရောင်းချမှုအပေါ်တွင် စည်းကြပ်သည့်အမြတ်ခွန်ကို မပျက်မကွက် ပေးဆောင်ရမည်။

၁၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိလုပ်ကိုင်ခွင့်ရရှိသည့် ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

၁၂။ လုပ်ကိုင်ခွင့်ပြုမိန့် (အသစ်) နှင့် ခွင့်ပြုမိန့် (သက်တမ်းတိုး) ရရှိသူအားလုံးအတွက် **သုံးလအတွင်း ရေနံ**ထုတ်လုပ်နိုင်ခြင်းမရှိပါက လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်။

### မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များ

(က) ရေနံလက်ယက်တွင်းတိမ်တူးရန်နေရာကို တွင်းတစ်တွင်းနှင့်တစ်တွင်းကြား အရေးပေါ်မီးသတ်ယာဉ်များ အလွယ်တကူဝင်ထွက်သွားလာနိုင်မည့် လမ်းနေရာချန်လှပ်၍ သတ်မှတ်ခြင်းနှင့် တွင်းတစ်တွင်းနှင့် တစ်တွင်းကြား မီးတားလမ်းများ ထားရှိခြင်းပြုရမည်။

(ခ) မီးသတ်ယာဉ်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်နိုင်ရန် ဆီမီးသတ်အမြှုပ်ဆေးရည် (Foam Compound) အနည်းဆုံး ဂါလန် ၅၀ ထားရှိရမည်။

(ဂ) လုပ်ကွက်အတွင်း မီးသတ်ကားဝင်ရောက်နိုင်ခြင်းမရှိသောနေရာဖြစ်လျှင် ယင်းနေရာ၌ မီးလောင်ကျွမ်းမှုဖြစ်ပွားပါက အလွယ်တကူသုံးစွဲနိုင်ရေးအတွက် ဓာတုဗေဒဆေးမှုန့်ခြောက် မီးသတ်ဆေးဘူးတွန်းလှည်း (Dry Chemical Power Trolley Type 50 Kg, 35 Kg) များ ထားရှိရမည်။

(ဃ) ပတ်ဝန်းကျင်ကျေးရွာများနှင့် ရေနံလုပ်ကွက်များအကြား ဘေးကင်းလုံခြုံရေးအကွာအဝေး (Safety Distance) ကို အနည်းဆုံး ပေ ၁၀၀၀ ထားရှိရန်။

(င) ရေနံမြေဧရိယာကို သီးသန့်ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်၍ လူနေထိုင်ခြင်းနှင့် မီးသုံးစွဲခြင်းတို့ကို (လုံးဝ) ရှောင်ကြဉ်ရမည့်အပြင် မီးသတိပေးပိုစတာများ စိုက်ထူခြင်း၊ အရေးပေါ်မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိခြင်း ပြုရမည်။

(စ) ရေနံတွင်းတိုင်းတွင် အရေးပေါ်မီးသတ်ကိရိယာများ၊ သဲကန်များနှင့် ဂေါ်ပြားများ ပြည့်စုံလုံလောက်စွာ ထားရှိရမည်။

(ဆ) ရေနံတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လက်တွေ့ဆောင်ရွက်ကြရသည့် တွင်းခပ်ရေနံလုပ်သားများအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ပြုလုပ်ရမည်။

(ဇ) တွင်းခပ်လုပ်သားများအား နေ့စဉ် အဆိုင်းသုံးဆိုင်းဖွဲ့စည်း၍ အလှည့်ကျတာဝန်ပေးသည့်စနစ်ကို သုံးပြီး လုပ်ငန်းဆောင်ရွက်စေခြင်းနှင့် ညပိုင်းတာဝန်ကျလုပ်သားများအတွက် အနီးကပ်ကြီးကြပ်နိုင်သူ အနည်းဆုံး တစ်ဦးထားရှိပြီး လုပ်ငန်းဆောင်ရွက်မှုကို စနစ်တကျကွပ်ကဲရမည်။

(ဈ) ရေနံထွက်ပစ္စည်းများသည် မီးစတင်စွဲငြိနိုင်သည့်အပူချိန် (Flash Point) နိမ့်ပြီး စိုထိုင်းဆနည်းခြင်းကြောင့် ကိုင်တွယ်ရွှေ့ပြောင်းရာတွင် အထူးအလေးထားဂရုပြုဆောင်ရွက်ရမည်။

(ည) ရေနံခပ်ခွက်များတွင် လက်ကိုင်သံကိုင်းများအစား ကြေးကိုင်းများဖြင့် အစားထိုးတပ်ဆင်ခြင်း သို့မဟုတ် ပလတ်စတစ်အုပ်ထားသောသံကိုင်းများ တပ်ဆင်သုံးစွဲခြင်းပြုရမည်။

(ဋ) ရေနံတွင်းများမှ ရေနံစိမ်းခပ်ယူသည့်အချိန်တွင် အလျင်စလိုဆောင်ရွက်ခြင်းမပြုဘဲ ပွတ်တိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ဖြည်းဖြည်းနှင့်မှန်မှန် အတင်/အချ ပြုလုပ်ရမည်။

(ဌ) ထုတ်လုပ်ရရှိလာသောရေနံစိမ်းများကို ယာယီသိုလှောင်ထားရှိမည့်နေရာသို့ အချိန်နှင့်တစ်ပြေးညီ ရွှေ့ပြောင်းထားရှိခြင်းနှင့် ရေနံတွင်းအနီးတွင် ရေနံစိမ်းဂါလန် ၁၀၀ ထက် ပိုမိုထားရှိခြင်းမပြုရ။

(ဍ) ရေနံစိမ်းများ သယ်ယူရွှေ့ပြောင်းရာတွင် ဖိတ်စဉ်မှုမရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်ရမည်။

(ဎ) ရေနံခပ်ရာတွင် အသုံးပြုသော ကလပ်ခုံနှင့် ဒီဇယ်အင်ဂျင်စက်များကို ရေနံတွင်းနှင့် အနည်းဆုံး ၁၅ ပေအကွာတွင် ထားရှိ၍ အင်ဂျင်စက်များတွင် အိပ်ဇောဆလင်ဒါတပ်ဆင်ထားရမည်ဖြစ်ပြီး အိပ်ဇောအပေါက်ဝကို ရေနံတွင်းနှင့်ဆန့်ကျင်ဘက်အရပ်မျက်နှာသို့ လှည့်ထားရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၇**

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၀ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၆) ဖြင့် ဖွဲ့စည်းပေးခဲ့သည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အပိုဒ် ၁၊ အပိုဒ်ခွဲ (ဒ) တွင် အဖွဲ့ဝင်အဖြစ်ပါဝင်သော စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် စီးပွားရေးပညာရှင်၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များတွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ထပ်မံဖြည့်စွက် ဖွဲ့စည်းလိုက်ပါသည် -

ဦးဇော်ဇော်

ဥက္ကဋ္ဌ

ဧရာဝတီဘဏ်လီမိတက်

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက် )

**အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်**
**အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၌ အဖွဲ့ဝင်များအဖြစ် မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) မှ ဦးဝင်းမောင် **အစား** ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၉) မှ ဦးဖေချစ် အားလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါ်မေသန်းနွဲ့ **အစား** ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၉) မှ ဒေါ်ခင်ဆွေလွင် အားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၉) မှ ဦးမောင်မောင်ဆွေ **အစား** ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၈) မှ ဒေါ်အိအိပြုံး အားလည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက် )

**ပညာရေးမြှင့်တင်မှုကော်မတီတွင် အဖွဲ့ဝင်အစားထိုးပြင်ဆင်ခြင်းနှင့်**
**ဖြည့်စွက်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် ပညာရေးမြှင့်တင်မှုကော်မတီ၌ အဖွဲ့ဝင်အဖြစ် ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၅) မှ ဦးစိုင်းသန်းနိုင် **အစား** ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးကျော်နိုင် အား အစားထိုးပြင်ဆင်၍ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါ်မေသန်းနွဲ့ အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက် ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်အမှတ် (၅၃/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက် )

၁။ တာဝန်မှယာယီရပ်ဆိုင်းထားခြင်းခံရသော မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားရေးဝန်ထမ်းအဆင့် (၃) ဒေါ်အဥ္စလီမြရှိန် (တ/၂၉၄၃) သည် ယခင်မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး တာဝန်ထမ်းဆောင်စဉ် ယင်းရုံးရာဇဝတ်ကြီးမှုအမှတ် ၂၉၄/၂၀၁၅ အမှုတွင် တရားခံအား ပြစ်ဒဏ်သက်ညှာစေရေးအတွက် တရားခံ၏ဇနီးဖြစ်သူထံမှ ငွေကျပ် (၅) သိန်းကိုလည်းကောင်း၊ ရာဇဝတ်ကြီးမှုအမှတ် ၂၀၉/၂၀၁၆ အမှုမှ တရားခံအား ထောင်ဒဏ်ချမှတ်စေခြင်းမပြုဘဲ ငွေဒဏ်ဖြင့် အမှုပြီးပြတ်စေရေးအတွက် အမှုလိုက်ပါဆောင်ရွက်သူ အထက်တန်းရှေ့နေ ဒေါ်ငြိမ်းငြိမ်းအိမှတစ်ဆင့် ငွေကျပ် (၅) သိန်းကိုလည်းကောင်း လာဘ်ငွေတောင်းခံရယူခဲ့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ စစ်ဆေးတွေ့ရှိချက်အရ ဒေါ်အဥ္စလီမြရှိန်အပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ အရေးယူပေးရန် တရားစွဲဆို ခွင့်ပြုမိန့်တောင်းခံခြင်းခံရပါသည်။

၂။ ဒေါ်အဥ္စလီမြရှိန်အပေါ် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ရာဇဝတ်အထွေထွေမှုအမှတ် ၁/၂၀၁၇ ဖြင့် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆/ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၂ စွဲဆိုမှုတွင် ပြစ်မှုမှာ လုံလောက်စွာ ယုတ္တိထင်ရှားကြောင်း တွေ့ရှိရသည့်အပြင် ထွက်ပြေးတိမ်းရှောင်နေခြင်းကြောင့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၈၇/၈၈ အရ ဝရမ်းထုတ်ဆင့်ခဲ့ပြီး ဝရမ်းအတည်ပြုပြန်သွင်းရန် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ ချိန်းဆိုထားရှိကြောင်း အစီရင်ခံစာအရ စိစစ်တွေ့ရှိရသည်။

၃။ သို့ဖြစ်၍ ဒေါ်အဥ္စလီမြရှိန် (တ/၂၉၄၃) အပေါ် ပြစ်မှုကြောင်းအရ တရားစွဲဆိုခဲ့ခြင်း၊ ပြစ်မှုထင်ရှားတွေ့ရှိခဲ့ခြင်းတို့သည် ဒေါ်အဥ္စလီမြရှိန်အနေဖြင့် ဝန်ထမ်းကျင့်ဝတ်ဖောက်ဖျက်ခြင်း၊ ကိုယ်ကျင့်တရားပျက်ပြားခြင်းတို့ကြောင့်ဖြစ်၍ ဒေါ်အဥ္စလီမြရှိန်အား နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ပေးအပ်ရန်မသင့်တော့သဖြင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ဝန်ထမ်းအဖြစ်မှထုတ်ပစ်သည့် ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ် (Dismissal) ကိုချမှတ်လိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၈၅/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက် )

တာဝန်မှယာယီရပ်ဆိုင်းထားခြင်းခံရသော မကွေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တရားရေးဝန်ထမ်းအဆင့် (၃) ဒေါ်အဥ္စလီမြရှိန် (တ/၂၉၄၃) (ယခင်ပွင့်ဖြူမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး) အား မကွေးတိုင်းဒေသကြီးတရားလွှတ်တော် ရာဇဝတ်အထွေထွေမှုအမှတ် ၁/၂၀၁၇ (၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆/ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၂) အရ စွဲဆိုမှုတွင် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၈၇/၈၈ အရ ဝရမ်းထုတ်ဆင့်ခြင်းခံရသဖြင့် ၎င်းအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေး

အပ်ရန် မသင့်သောကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့စွဲပါ အမိန့်အမှတ် (၅၃/၂၀၁၇) အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ဒေါ်အဥ္ဇလီမြရှိန် (တ/၂၉၄၃) အား ဝန်ထမ်းအဖြစ်မှထုတ်ပယ် (Dismiss) လိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
( ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက် )

အမှတ် ၁၅ ။ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဦးကျော်ဆန်း၏ ကိုယ်ရေးအရာရှိ ဦးမင်းတင်မွန်အား ၎င်း၏ ကိုယ်တိုင်ဆန္ဒပြုလျှောက်ထားချက်အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက် ညနေပိုင်းမှစ၍ ကိုယ်ရေးအရာရှိအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

မျိုးညွန့်
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
( ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက် )

အမှတ် ၁၆ ။ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် အငယ်တန်းစာရေး လစာနှုန်း (၁၅၀,၀၀၀-၂,၀၀၀-၁၆၀,၀၀၀) အဖြစ် တာဝန်ထမ်းဆောင်နေသော ဦးဟိန်းကိုကို အား ၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဖွဲ့ဝင် ဦးကျော်ဆန်း၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အဖြစ် ခန့်ထားလိုက်သည်။ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/-ကို ခံစားခွင့်ပြုလိုက်သည်။

မျိုးညွန့်
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
( ၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက် )

**ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီများ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၌ ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှု/ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက အချိန်တိုအတွင်း ညှိနှိုင်းဆောင်ရွက်ဖြေရှင်းနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၇/၂၀၁၇) ဖြင့် ဖွဲ့စည်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီများဖြစ်ကြသည့် လသာမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီနှင့် ကမာရွတ်မြို့နယ်ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီတို့အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **လသာမြို့နယ်ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီ**

ဦးဌေးအောင် **(အစား)** ဦးကြိုလိုင်း အဖွဲ့ဝင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ　အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

(ခ) **ကမာရွတ်မြို့နယ်ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီ**

ဦးဌေးအောင် **(အစား)** ဦးတင်ဝင်း အဖွဲ့ဝင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ　အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက် )

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၇) အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးမှ စစ်ဆေးရေးမှူးချုပ် (ညွှန်ကြားရေးမှူးချုပ်) ဦးထင်ကျော်အား စစ်ဆေးရေးမှူးချုပ် (ညွှန်ကြားရေးမှူးချုပ်) ၏ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်ခဲ့သော အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

မြဝင်း
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက် )

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ဥပဒေရေးရာဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ ဦးစီးအရာရှိ ဒေါ်စိုးစိုးမော်အား ဥပဒေရေးရာဌာန၌ လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း၊ လက်ထောက်ညွှန်ကြားရေးမှူးရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ အပိုဒ် ၅၁ အရ တိုးမြှင့်ခန့်ထားသည့်ရာထူး၏ လစာနှုန်းတန်းတွင် အနိမ့်ဆုံးလစာအဆင့်မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်သည်။

မြဝင်း
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက် )

၁။ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၇) မှ သဘောတူညီချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါအမှုထမ်း (၂) ဦးတို့အား ၎င်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြပါ ရာထူး၊ လစာနှုန်းနှင့် ဌာနများသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့် နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန** |
|---|---|---|---|
| (က) | ဒေါ်ယဉ်မင်းအေး | ရုံးအုပ်<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>ရုံးအဖွဲ့ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>စီမံရေးရာဌာန |
| (ခ) | ဒေါ်သင်းသင်းမာ | ရုံးအုပ်<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>ဥပဒေရေးရာဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ဥပဒေရေးရာဌာန |

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ အပိုဒ် ၅၁ အရ တိုးမြှင့်ခန့်ထားသည့်ရာထူး၏ လစာနှုန်းတန်းတွင် အနိမ့်ဆုံးလစာအဆင့်မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်သည်။

မြဝင်း

ဥက္ကဋ္ဌ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက် )

၁။ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၇) မှ သဘောတူညီချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ အမှုစစ်တရားစွဲဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိသော လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) တန်း၊ စုံစမ်းရေးမှူး ဦးမောင်မောင်ထက်ဝင်းအား အမှုစစ်တရားစွဲဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ ဦးစီးအရာရှိ (စုံစမ်းရေး) ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ အပိုဒ် ၅၁ အရ တိုးမြှင့်ခန့်ထားသည့်ရာထူး၏ လစာနှုန်းတန်းတွင် အနိမ့်ဆုံးလစာအဆင့်မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်သည်။

မြဝင်း
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၃ ရက်)

**တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများမှ အတည်ပြုမိန့်ထုတ်ပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် မတည်ငွေရင်းပမာဏ သတ်မှတ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၄ (ဇ) အရ ရင်းနှီးမြှုပ်နှံမှုများကို လုပ်ပိုင်ခွင့်ခွဲဝေသတ်မှတ်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများမှ အတည်ပြုမိန့်ထုတ်ပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် မတည်ငွေရင်းပမာဏအား အမေရိကန်ဒေါ်လာ ၅ သန်း သို့မဟုတ် မြန်မာကျပ်ငွေ သန်း ၆၀၀၀ အထိ သတ်မှတ်လိုက်သည်။

ကျော်ဝင်း
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်စွဲပါ စာအမှတ်၊ ၁၂၉၁/၄၀၀ (၁) ၁၈-၁/အဖရ (တနင်္သာရီ) ပါညှိနှိုင်းချက်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၃ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၃ (၈၀၀)/ ထောက် ၂ ပါ အတည်ပြုချက်အရ နိုင်ငံတော်၏ ရက်ပေါင်း (၁၀၀) စီမံချက်ကာလအတွင်း တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၁၀) မြို့နယ်မှ ကျေးရွာ (၁၀) ရွာအား ကျေးရွာမြေပုံဇယား (မြေပုံဇယားစာချုပ်) ထုတ်ပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပူးတွဲဖော်ပြပါမြို့နယ်များ၌ ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော်၊ မြေနယ်သတ်အက်ဥပဒေ (The Burma Boundary Act 1880) ၏ ပုဒ်မ (၂) အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး**အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)**

အဖြစ်လည်းကောင်း၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး**အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ** (**Demarcation Officer**) အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

**တနင်္သာရီတိုင်းဒေသကြီးအတွင်း** ပူးတွဲ

**နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) နှင့်**

**နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) ခန့်အပ်တာဝန်ပေးအပ်ခြင်း**

| စဉ် | မြို့နယ် | နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) | နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) |
|---|---|---|---|
| ၁ | ထားဝယ်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၂ | လောင်းလုံးမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၃ | သရက်ချောင်း မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၄ | ရေဖြူမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၅ | မြိတ်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၆ | ကျွန်းစုမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၇ | ပုလောမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၈ | တနင်္သာရီမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၉ | ကော့သောင်းမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၀ | ဘုတ်ပြင်းမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |

# တနင်္သာရီတိုင်းဒေသကြီးရှိ
# ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာဦးရေစာရင်း

| အမှတ်စဉ် | ခရိုင် | မြို့နယ် | မြို့နယ်ခွဲ | မြို့ | မြို့နယ်အလိုက်ရှိ | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | | ရပ်ကွက် ဦးရေ | | ကျေးရွာ အုပ်စု ဦးရေ | ကျေးရွာ ဦးရေ | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | | (၇) | (၈) | (၉) |
| ၂၁ | ထားဝယ် | (၁) ထားဝယ် | မေတ္တာ | ထားဝယ် | ၁၅ | ] | ၂၅ | ၉၅ | |
| | | | | မေတ္တာ | ၃ | | | | |
| | | (၂) လောင်းလုံး | | လောင်းလုံး | ၄ | | ၄၁ | ၁၁၀ | |
| | | (၃) သရက်ချောင်း | | သရက်ချောင်း | ၅ | | ၃၉ | ၉၁ | |
| | | (၄) ရေဖြူ | ကလိန်အောင် | ရေဖြူ | ၄ | ] | ၃၄ | ၁၂၉ | |
| | | | | ကလိန်အောင် | ၄ | | | | |
| | ပေါင်း | ၄ | ၂ | ၆ | ၃၅ | | ၁၃၉ | ၄၂၅ | |
| ၂၂ | မြိတ် | (၁) မြိတ် | | မြိတ် | ၁၂ | | ၂၂ | ၁၄၀ | |
| | | (၂) ကျွန်းစု | | ကျွန်းစု | ၄ | | ၂၀ | ၁၅၂ | |
| | | (၃) ပုလော | ပလောက် | ပုလော | ၅ | ] | ၂၆ | ၁၅၃ | |
| | | | | ပလောက် | ၄ | | | | |
| | | (၄) တနင်္သာရီ | | တနင်္သာရီ | ၂ | | ၁၉ | ၁၇၆ | |
| | ပေါင်း | ၄ | ၁ | ၅ | ၂၇ | | ၈၇ | ၆၂၁ | |
| ၂၃ | ကော့သောင်း | (၁) ကော့သောင်း | ခမောက်ကြီး | ကော့သောင်း | ၁၀ | ] | ၁၈ | ၇၉ | |
| | | | | ခမောက်ကြီး | ၃ | | | | |
| | | (၂) ဘုတ်ပြင်း | ပြည်ကြီးမဏ္ဍိုင် | ဘုတ်ပြင်း | ၂ | ] | | | |
| | | | ကရသူရိ | ပြည်ကြီးမဏ္ဍိုင် | ၃ | | ၂၀ | ၁၀၅ | |
| | | | | ကရသူရိ | ၃ | | | | |
| | ပေါင်း | ၂ | ၃ | ၅ | ၂၁ | | ၃၈ | ၁၈၄ | |
| စုစုပေါင်း | ၃ | ၁၀ | ၆ | ၁၆ | ၈၃ | | ၂၆၄ | ၁၂၃၀ | |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၆)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်စွဲပါ စာအမှတ်၊ ၇၂၉၇/၆-၆၃၃/အစရ (ရှမ်း) ပါ ညှိနှိုင်းချက်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၃ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၃ (၈၀၀)/ ထောက် ၂ ပါ အတည်ပြုချက်အရ နိုင်ငံတော်၏ ရက်ပေါင်း (၁၀၀) စီမံချက်ကာလအတွင်း ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် (၄၇) မြို့နယ်မှ ကျေးရွာ (၄၇) ရွာအား ကျေးရွာမြေပြင်ရန် (မြေငှား စာချုပ်) ထုတ်ပေးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်အတွင်းရှိ ပူးတွဲဖော်ပြပါမြို့နယ်များ၌ ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော်၊ မြေနယ်သတ် အက်ဥပဒေ (The Burma Boundary Act 1880) ၏ ပုဒ်မ (၂) အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး**အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး**အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

**ရှမ်းပြည်နယ်အတွင်း** ပူးတွဲ

**နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) နှင့်**

**နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) ခန့်အပ်တာဝန်ပေးအပ်ခြင်း**

| စဉ် | မြို့နယ် | နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) | နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) |
|---|---|---|---|
| ၁ | တောင်ကြီးမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၂ | ဟိုပုံးမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၃ | ညောင်ရွှေမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၄ | ဆီဆိုင်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၅ | ကလောမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၆ | ပင်းတယမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၇ | ရွာငံမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |

ပူးတွဲ

**ရှမ်းပြည်နယ်အတွင်း**
**နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) နှင့်**
**နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) ခန့်အပ်တာဝန်ပေးအပ်ခြင်း**

| စဉ် | မြို့နယ် | နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) | နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) |
|---|---|---|---|
| ၈ | ရပ်စောက်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၉ | ပင်လောင်းမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၀ | ဖယ်ခုံမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၁ | လွိုင်လင်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၂ | လဲချားမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၃ | နမ့်စန်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၄ | ကွန်ဟိန်းမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၅ | ကျေးသီးမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၆ | မိုင်းကိုင်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၇ | မိုင်းရှူးမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၈ | လင်းခေးမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |

ပူးတွဲ

## ရှမ်းပြည်နယ်အတွင်း
## နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) နှင့်
## နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) ခန့်အပ်တာဝန်ပေးအပ်ခြင်း

| စဉ် | မြို့နယ် | နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) | နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) |
|---|---|---|---|
| ၁၉ | မိုးနဲမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၂၀ | မောက်မယ်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၂၁ | မိုင်းပန်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၂၂ | လားရှိုးမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၂၃ | သိန္နီမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၂၄ | တန့်ယန်းမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၂၅ | မိုင်းရယ်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၂၆ | ကွမ်းလုံမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၂၇ | မူဆယ်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၂၈ | နမ့်ခမ်းမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၂၉ | ကွတ်ခိုင်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |

**ရှမ်းပြည်နယ်အတွင်း**

ပူးတွဲ

**နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) နှင့်**
**နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) ခန့်အပ်တာဝန်ပေးအပ်ခြင်း**

| စဉ် | မြို့နယ် | နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) | နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) |
|---|---|---|---|
| ၃၀ | ကျောက်မဲမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၃၁ | သီပေါမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၃၂ | နောင်ချိုမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၃၃ | နမ္မတူမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၃၄ | နမ့်ဆန်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၃၅ | မိုးမိတ်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၃၆ | မဘိမ်းမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၃၇ | ဟိုပန်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၃၈ | လောက်ကိုင်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၃၉ | ကျိုင်းတုံမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၄၀ | မိုင်းခတ်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |

ပူးတွဲ

## ရှမ်းပြည်နယ်အတွင်း
## နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) နှင့်
## နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) ခန့်အပ်တာဝန်ပေးအပ်ခြင်း

| စဉ် | မြို့နယ် | နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) | နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) |
|---|---|---|---|
| ၄၁ | မိုင်းယန်းမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၄၂ | မိုင်းပျဉ်းမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၄၃ | မိုင်းဆတ်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၄၄ | မိုင်းတုံမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၄၅ | တာချီလိတ်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၄၆ | မိုင်းဖြတ်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၄၇ | မိုင်းယောင်းမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |

## ရှမ်းပြည်နယ်အတွင်း ရက် (၁၀၀) စီမံချက်အရ ကျေးရွာမြေပုံဇာရန်ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်မည့် ခရိုင်/မြို့နယ်/ကျေးရွာအုပ်စု/ကျေးရွာများစာရင်း

| စဉ် | ခရိုင် | မြို့နယ် | | ကျေးရွာအုပ်စု | ကျေးရွာ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | တောင်ကြီး | ၁ | တောင်ကြီး | ဘန့်ဘွေး | မန်ကျည်းပင် (မကျီးပင်) | |
| | | ၂ | ဟိုပုံး | နမ့်ခုတ် | နမ့်ခုတ် | |
| | | ၃ | ညောင်ရွှေ | ပုန့်မူ (ပုံ့မူ) | သပြေကုန်းအောက်ရွာ | |
| | | ၄ | ဆီဆိုင် | ပင်စုံ | ကောင်းမှုဗွာ | |
| | | ၅ | ကလော | လွယ်အံ | အင်းပြင် | |
| | | ၆ | ပင်းတယ | သစ်အယ်ပင် | သစ်အယ်ပင် | |
| | | ၇ | ရွာငံ | ညောင်အိုင် | လက်ပံပင် | |
| | | ၈ | ရပ်စောက် | မကျီးကုန်း | နောင်တခေါ | |
| | | ၉ | ပင်လောင်း | တောင်ထီဗွာ | သိန်းတောင်ဒိန် | |
| | | ၁၀ | ဖယ်ခုံ | နောင်လိုင် (ဖယ်ခုံ) | ကွမ်းလုံ | |

| စဉ် | ခရိုင် | | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၂ | လွိုင်လင် | ၁ | လွိုင်လင် | လွိုင်လင်အရှေ့ | လွိုင်မုံမိုင်း (ခ) မုံမိုင်း | |
| | | ၂ | လဲချား | မြို့မ (လဲချား) | နောင်ပန် | |
| | | ၃ | နမ့်စန် | ဝမ်ပုံ (နမ့်စန်) | ထင်းရှူးမြိုင် | |
| | | ၄ | ကွန်ဟိန်း | မြို့မ | ဝမ်ပန် | |
| | | ၅ | ကျေးသီး | မိုင်းနင် | နောင်ယုန်း | |
| | | ၆ | မိုင်းကိုင် | ဟိုနား | ဝိန်းငင်း | |
| | | ၇ | မိုင်းရှူး | နားစံ | ဝိန်းကောင် | |
| ၃ | လင်းခေး | ၁ | လင်းခေး | ဒါးဆိပ် | ပင်ထနောင်း | |
| | | ၂ | မိုးနဲ | နမ့်မော်ဆွမ့် | ခုတ်စက် | |
| | | ၃ | မောက်မယ် | စဥ္စဝင် | ရွာသစ် | |
| | | ၄ | မိုင်းပန် | နားလော | နောင်ပါမွန် | |
| ၄ | လားရှိုး | ၁ | လားရှိုး | ဆုံကွယ် (ဆွမ်ကွယ်) | ဆုံကွယ် (ဆွမ်ကွယ်) | |
| | | ၂ | သိန္နီ | စယ်အူ | မန်ဖိုင် | |
| | | ၃ | တန့်ယန်း | ခိုယောင်း | ခိုယောင်း (ရွာမ) | |
| | | ၄ | မိုင်းရယ် | ဟိုယ | ပန်ညောင် | |
| | | ၅ | ကွမ်းလုံ | ကောင်းကဲ | ကောင်းကဲ | |
| ၅ | မူဆယ် | ၁ | မူဆယ် | နမ့်ပန်း | နမ့်ခွမ် | |
| | | ၂ | နမ့်ခမ်း | ဟိုနား | ပန်ထိုလင် | |
| | | ၃ | ကွတ်ခိုင် | ကောင်းခါး | ကောင်းခါး | |
| ၆ | ကျောက်မဲ | ၁ | ကျောက်မဲ | ကွဲကုန်း (မန်ကျောင်း) | မွေတော် | |
| | | ၂ | သီပေါ | ရွာသစ် | ကျောင်းစု | |
| | | ၃ | နောင်ချို | လုံရိုး | လုံရိုး | |
| | | ၄ | နမ္မတူ | ခိုမို | ခိုဖိတ် | |
| | | ၅ | နမ့်ဆန် | ငွန်ဆိုင်း | ငွန်ဆိုင်း | |
| ၇ | မိုးမိတ် | ၁ | မိုးမိတ် | တောင်ကိုင်း | တောင်ကိုင်း | |
| | | ၂ | မဘိမ်း | ဘဟဲ | ပွေးတူး | |
| ၈ | ဟိုပန် | ၁ | ဟိုပန် | မော်ဟွေ | မော်ဟွေ | |
| ၉ | လောက်ကိုင် | ၁ | လောက်ကိုင် | ထင်ပါကျိုင်း | မန်ခါး (မန်ခါ) | |
| ၁၀ | ကျိုင်းတုံ | ၁ | ကျိုင်းတုံ | မိုင်းဇင်း | နောင်နွန်း (နောင်နွမ်း) | |
| | | ၂ | မိုင်းခတ် | ဝမ်ခုတ် | ယန်းတောင်း (မိုင်းခုတ်) | |
| | | ၃ | မိုင်းယန်း | မိုင်းလွေ | နမ့်မုတ် | |
| | | ၄ | မိုင်းပျဉ်း | ဟောင်ကန် | ဝမ်ယမ်း | |
| ၁၁ | မိုင်းဆတ် | ၁ | မိုင်းဆတ် | ကောင်းမှူတန် | ကောင်းမှူတန် | |
| | | | | | (ကောင်းမှူကန်) | |
| | | ၂ | မိုင်းတုံ | မဲကင် | မဲကင် | |
| ၁၂ | တာချီလိတ် | ၁ | တာချီလိတ် | မိုင်းဖုန်း (က) | ဝမ်ပုံ | |
| | | ၂ | မိုင်းဖြတ် | မိုင်းဖြတ် | ဝမ်နောင် | |
| | | ၃ | မိုင်းယောင်း | ဝမ်ဘိုး | ယမ်းလဲ | |

မှတ်ချက်။ ရှမ်းပြည်နယ်အတွင်း မြို့နယ် (၅၅) မြို့နယ်ရှိသည့်အနက် အထက်ဖော်ပြပါမြို့နယ် (၄၇) မြို့နယ်တွင် ကျေးရွာမြေပုံငွေးဂရန်ထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ဝင်မရ (၅) မြို့နယ် (မိုင်းလား၊ မိုင်းမော၊ ပန်ဝိုင်၊ ပန်ဆန်း၊ နားဖန်း) နှင့် နယ်မြေဒေသအခြေအနေအရ ဆောင်ရွက်၍မရသော (၃) မြို့နယ် (ကုန်းကြမ်း၊ မက်မန်း၊ မန်တုံ) တွင် လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိပါ။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်စွဲပါ စာအမှတ်၊ ၆/၃-၂/ဦး ၆ ပါ ညှိနှိုင်းချက်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၃ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၃(၈၀၀)/ ထောက် ၂ ပါ အတည်ပြုချက်အရ နိုင်ငံတော်၏ ရက်ပေါင်း (၁၀၀) စီမံချက်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၂၈) မြို့နယ်မှ ရွှေ့ပြောင်းဆောင်ရွက်ရန် ရွေးချယ်ထားသော ကျေးရွာများအား ကျေးရွာမြေပုံဇယားဂရန် (မြေပုံဇယားစာချုပ်) ထုတ်ပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ပူးတွဲဖော်ပြပါမြို့နယ်များ၌ ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော်၊ မြေနယ်သတ် အက်ဥပဒေ (The Burma Boundary Act 1880) ၏ ပုဒ်မ (၂) အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး**အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ** (**Boundary Officer**) အဖြစ်လည်းကောင်း၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး**အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ** (**Demarcation Officer**) အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

ပူးတွဲ

**ပဲခူးတိုင်းဒေသကြီးအတွင်း**

**နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) နှင့်**

**နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) ခန့်အပ်တာဝန်ပေးအပ်ခြင်း**

| စဉ် | မြို့နယ် | နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) | နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) |
|---|---|---|---|
| ၁ | ပဲခူးမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၂ | သနပ်ပင်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၃ | ကဝမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၄ | ဝေါမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၅ | ညောင်လေးပင်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၆ | ကျောက်တံခါးမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၇ | ဒိုက်ဦးမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |

## ပဲခူးတိုင်းဒေသကြီးအတွင်း
## နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) နှင့်
## နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) ခန့်အပ်တာဝန်ပေးအပ်ခြင်း

ပူးတွဲ

| စဉ် | မြို့နယ် | နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) | နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) |
|---|---|---|---|
| ၈ | ရွှေကျင်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၉ | တောင်ငူမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၀ | ရေတာရှည်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၁ | ကျောက်ကြီးမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၂ | ဖြူးမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၃ | အုတ်တွင်းမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၄ | ထန်းတပင်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၅ | ပြည်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၆ | ပေါက်ခေါင်းမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| (၂၁) | ပါမောက္ခဒေါက်တာထွန်းဦး | ပါမောက္ခ/ဌာနမှူး (ခွဲစိတ်)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၂၂) | ပါမောက္ခဒေါက်တာသန်းရင်မာ | ပါမောက္ခ/ဌာနမှူး (ဆေးပညာ)<br>ဆေးတက္ကသိုလ် (မန္တလေး) |
| (၂၃) | ပါမောက္ခဒေါက်တာနုနုမော် | ပါမောက္ခ/ဌာနမှူး (ဆေးပညာနှလုံး)<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| (၂၄) | ပါမောက္ခဒေါက်တာတင်လတ် | ပါမောက္ခ/ဌာနမှူး (ဆေးပညာ)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၂၅) | ပါမောက္ခဒေါက်တာတင်ထားနွဲ့ | ပါမောက္ခ/ဌာနမှူး (ဆေးပညာ)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၂၆) | ပါမောက္ခဒေါက်တာညွန့်သိန်း | ပါမောက္ခ/ဌာနမှူး (ဆေးပညာ)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၂၇) | ပါမောက္ခဒေါက်တာသန်းသန်းအေး | ပါမောက္ခ/ဌာနမှူး (ဆေးပညာ)<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| (၂၈) | ပါမောက္ခဒေါက်တာဟန်ဝင်း | ပါမောက္ခ/ဌာနမှူး (ခွဲစိတ်)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၂၉) | ပါမောက္ခဒေါက်တာအုန်းခိုင် | ပါမောက္ခ/ဌာနမှူး (ခွဲစိတ်)<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| (၃၀) | ပါမောက္ခဒေါက်တာစိုးအောင် | ပါမောက္ခ/ဌာနမှူး (သားဖွားမီးယပ်)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၃၁) | ပါမောက္ခဒေါက်တာစိုးအောင် | ပါမောက္ခ/ဌာနမှူး (ကင်ဆာရောဂါ)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၃၂) | ပါမောက္ခဒေါက်တာမြမြအုန်း | ပါမောက္ခ/ဌာနမှူး (ကလေး)<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| (၃၃) | ပါမောက္ခဒေါက်တာလှမြင့်ထွန်း | ပါမောက္ခ/ဌာနမှူး (ကလေး)<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| (၃၄) | ပါမောက္ခဒေါက်တာစန်းစန်းမြင့် | ပါမောက္ခ/ဌာနမှူး (ကလေး)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၃၅) | ပါမောက္ခဒေါက်တာကြူကြူခင် | ပါမောက္ခ/ဌာနမှူး (ကလေး)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |

| စဉ် | အမည် | ရာထူး/ဌာန |
|---|---|---|
| (၃၆) | ပါမောက္ခဒေါက်တာစောဝင်း | ပါမောက္ခ/ဌာနမှူး (ကလေး)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၃၇) | ပါမောက္ခဒေါက်တာကြင်မြင့် | ပါမောက္ခ/ဌာနမှူး (အဏုမြူရောင်ခြည်ဌာန)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၃၈) | ပါမောက္ခဒေါက်တာဝင်းအောင်မြင့် | ပါမောက္ခ/ဌာနမှူး (စိတ်ပညာဌာန)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၃၉) | ပါမောက္ခဒေါက်တာမြင့်သောင်း | ပါမောက္ခ/ဌာနမှူး (အရိုးရောဂါပညာဌာန)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၄၀) | ဗိုလ်မှူးချုပ်ထွန်းထွန်း | ပါမောက္ခ/ဌာနမှူး (အရိုးရောဂါပညာဌာန)<br>တပ်မတော်ဆေးတက္ကသိုလ် |
| (၄၁) | ပါမောက္ခဗိုလ်မှူးကျော်စိုးထွန်း | ပါမောက္ခ/ဌာနမှူး (အစာအိမ်အူလမ်းကြောင်း)<br>တပ်မတော်ဆေးတက္ကသိုလ် |
| (၄၂) | ပါမောက္ခဗိုလ်မှူးအောင်ကျော်စော | ပါမောက္ခ/ဌာနမှူး (နှလုံးဆေးကုဌာန)<br>တပ်မတော်ဆေးတက္ကသိုလ် |
| (၄၃) | ပါမောက္ခဒေါက်တာတိုးလွင် | ပါမောက္ခ/ဌာနမှူး (ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကု)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၄၄) | ပါမောက္ခဒေါက်တာခင်မောင်ဌေး | ပါမောက္ခ/ဌာနမှူး (ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကု)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၄၅) | ပါမောက္ခ<br>ဒေါက်တာခင်မောင်မောင်သန်း | ပါမောက္ခ/ဌာနမှူး (ဆီးနှင့်ကျောက်ကပ်ဆေးကု)<br>တပ်မတော်ဆေးတက္ကသိုလ် |
| (၄၆) | ပါမောက္ခဒေါက်တာဝင်းမြိုင် | ပါမောက္ခ/ဌာနမှူး (ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကု)<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| (၄၇) | ပါမောက္ခဒေါက်တာကြည်ကြည်စန်း | ပါမောက္ခ/ဌာနမှူး (မေ့ဆေးပညာဌာန)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၄၈) | ပါမောက္ခဒေါက်တာခင်ထွေး | ပါမောက္ခ/ဌာနမှူး (ကလေးကျန်းမာပညာဌာန)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၄၉) | ပါမောက္ခဒေါက်တာခင်ထားရီ | ပါမောက္ခ/ဌာနမှူး (သားဖွားမီးယပ်ပညာဌာန)<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| (၅၀) | ပါမောက္ခဒေါက်တာတင်မြင့် | ပါမောက္ခ/ဌာနမှူး (ကလေး)<br>ဆေးတက္ကသိုလ် (မန္တလေး) |
| (၅၁) | ပါမောက္ခဒေါက်တာဟန်ဌေး | ပါမောက္ခ/ဌာနမှူး (မေ့ဆေး)<br>ဆေးတက္ကသိုလ် (မန္တလေး) |
| (၅၂) | ပါမောက္ခဒေါက်တာကံညွန့် | ပါမောက္ခ/ဌာနမှူး (မျက်စိ)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၅၃) | ပါမောက္ခဒေါက်တာမြအောင် | ပါမောက္ခ/ဌာနမှူး (မျက်စိ)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၅၄) | ပါမောက္ခဒေါက်တာဇော်မင်းအောင် | ပါမောက္ခ/ဌာနမှူး (မျက်စိ)<br>ဆေးတက္ကသိုလ် (မန္တလေး) |

| စဉ် | အမည် | ရာထူး/ဌာန |
|---|---|---|
| (၅၅) | ပါမောက္ခဒေါက်တာလှရီရီ | ပါမောက္ခ/ဌာနမှူး (ဇီဝကမ္မ)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၅၆) | ပါမောက္ခဒေါက်တာခင်မောင်တူ | ပါမောက္ခ/ဌာနမှူး (အရိုး)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၅၇) | ပါမောက္ခဒေါက်တာစိုးဦးမောင် | ပါမောက္ခ/ဌာနမှူး (ခါတ်ရောင်ခြည်)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၅၈) | ပါမောက္ခဒေါက်တာတင်လတ် | ပါမောက္ခ/ဌာနမှူး (ခွဲစိတ်)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၅၉) | ပါမောက္ခဒေါက်တာရီရီခင် | ပါမောက္ခ/ဌာနမှူး (ကလေး)<br>ဆေးတက္ကသိုလ် (မကွေး) |
| (၆၀) | ပါမောက္ခဒေါက်တာခင်သီတာ | ပါမောက္ခ/ဌာနမှူး (ခန္ဓာဗေဒ)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၆၁) | ပါမောက္ခဒေါက်တာဆွေဆွေဝင်း | ပါမောက္ခ/ဌာနမှူး (ခါတ်မှန်ပုံရိပ်ဖော်နည်းပညာ)<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်) |
| (၆၂) | ပါမောက္ခဒေါက်တာဆွေဆွေဝင်း | ပါမောက္ခ/ဌာနမှူး (မေးရိုးနှင့်ခံတွင်းဆေးပညာ)<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) |
| (၆၃) | ပါမောက္ခဒေါက်တာအောင်ထန်း | ပါမောက္ခ/ဌာနမှူး (သွားရောဂါကု)<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) |
| (၆၄) | ပါမောက္ခဒေါက်တာမြတ်မွန် | ပါမောက္ခ/ဌာနမှူး (ရောဂါ)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၆၅) | ဒေါက်တာနွဲ့ | ပါမောက္ခ/ဌာနမှူး (အရိုး)<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| (၆၆) | ဒေါက်တာထင်အောင်စော | ပါမောက္ခ/ဌာနမှူး (အပူပိုင်း/ကူးစက်)<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| (၆၇) | ဒေါက်တာဖြူဖြူဦး | ပါမောက္ခ (ကလေး)<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| (၆၈) | ဒေါက်တာယဉ်ယဉ်စိုး | ပါမောက္ခ (သားဖွားမီးယပ်)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| (၆၉) | ဒေါက်တာအောင်ကျော်ဦး | ပါမောက္ခ (အရိုး)<br>အရိုးအထူးကုဆေးရုံကြီး (မန္တလေး) |
| (၇၀) | ဒေါက်တာအေးအေးသိန်း | ပါမောက္ခ (ကလေး)<br>ဗဟိုအမျိုးသမီးဆေးရုံ (ရန်ကုန်) |
| (၇၁) | ဒေါက်တာရဲလွင် | တွဲဖက်ပါမောက္ခ (မျက်စိ)<br>ဆေးတက္ကသိုလ် (မန္တလေး) |
| (၇၂) | ဒေါက်တာဒေါ်စန်းရွှေ | ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ)<br>ဆေးသုတေသနဦးစီးဌာန |
| (၇၃) | ဒေါက်တာခင်မေဦး | ညွှန်ကြားရေးမှူး (အဏုဇီဝ)<br>ဆေးသုတေသနဦးစီးဌာန |

| စဉ် | အမည် | ရာထူး/ဌာန |
|---|---|---|
| (၇၄) | ဒေါက်တာခင်နွယ်ဦး | ညွှန်ကြားရေးမှူး (အဏုဇီဝ)<br>ဆေးသုတေသနဦးစီးဌာန |
| (၇၅) | ဒေါက်တာသောင်းလှ | ညွှန်ကြားရေးမှူး<br>ဆေးသုတေသနဦးစီးဌာန |
| (၇၆) | ဒေါက်တာခင်သက်ဝေ | ညွှန်ကြားရေးမှူး<br>ဆေးသုတေသနဦးစီးဌာန |
| (၇၇) | ဒေါက်တာခင်မြတ်ထွန်း | ညွှန်ကြားရေးမှူး (ကလေး)<br>ဆေးသုတေသနဦးစီးဌာန |
| (၇၈) | ဒေါက်တာအေးအေးမူ | ဆေးရုံအုပ်ကြီး<br>ခုတင် (၂၀၀) ဆံ့ သင်ကြားရေးဆေးရုံ (မကွေး) |
| (၇၉) | ဒေါက်တာသန်းစိန် | ညွှန်ကြားရေးမှူး (ငြိမ်း)<br>Non-Communicable Disease and Mental Health<br>WHO South-East Asia Regional Office<br>လက်ထောက်ဆရာဝန် (ပြည်သူ့ကျန်းမာ) (ငြိမ်း)<br>ကျန်းမာရေးဦးစီးဌာန |
| (၈၀) | ပါမောက္ခဒေါက်တာနေဝင်း | ညွှန်ကြားရေးမှူး (ရောဂါဗေဒ) (NHL)<br>ကျန်းမာရေးဦးစီးဌာန |
| (၈၁) | ဒေါက်တာတင်အေး | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအထွေထွေရောဂါကုဆရာဝန်များအဖွဲ့<br>(မြန်မာနိုင်ငံဆရာဝန်အသင်း) |
| (၈၂) | ပါမောက္ခ<br>ဒေါက်တာဦးမျိုးသက်ထွန်း<br>(ပြည်သူ့ကျန်းမာ) | Team Leader (Rtd)<br>Global Leprosy Programm WHO<br>လ/ထ ညွှန်ကြားရေးမှူး (ငြိမ်း)<br>ခုခံအားကျဆင်းရေးရောဂါတိုက်ဖျက်ရေးဌာန၊<br>ကျန်းမာရေးဦးစီးဌာန |
| (၈၃) | ဒေါက်တာဦးကံထွန်း | ဒုညွှန်ကြားရေးမှူး (ငြိမ်း)<br>နိုင်ငံခြားဆက်သွယ်ရေးဌာန<br>WHO Country Representative Nepal,Rtd |

**(ဂ) တပ်မတော်ဆေးတက္ကသိုလ်**

| စဉ် | အမည် | ရာထူး/ဌာန |
|---|---|---|
| (၁) | ဗိုလ်ချုပ်စိုးဝင်း | ညွှန်ကြားရေးမှူး<br>ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး |
| (၂) | ဗိုလ်မှူးချုပ်တင်မောင်လှိုင် | တပ်မှူး<br>တပ်မတော်ဆေးသုတေသနတပ် |
| (၃) | ဗိုလ်မှူးချုပ်မျိုးသန့် | ပါမောက္ခ/ဌာနမှူး<br>ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုဌာန |
| (၄) | ဗိုလ်မှူးကြီးအောင်မျိုးကျော် | ဒုတိယညွှန်ကြားရေးမှူး<br>ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး |
| (၅) | ပါမောက္ခဗိုလ်မှူးကြီးကိုကိုလွင် | ပါမောက္ခချုပ်<br>တပ်မတော်ဆေးတက္ကသိုလ် |

| စဉ် | အမည် | ရာထူး/ဌာန |
|---|---|---|
| (၆) | ပါမောက္ခဗိုလ်မှူးကြီးကေသီထွန်း | ပါမောက္ခ/ဌာနမှူး<br>ကလေးကျန်းမာပညာဌာန |
| (၇) | ဗိုလ်မှူးကြီးကျော်သက်ထွန်း | ဂုဏ်ထူးဆောင်ပါမောက္ခ<br>ဆေးပညာ |
| (၈) | ဗိုလ်မှူးကြီးနွယ်နွယ်ဝင်း | ပါမောက္ခ/ဌာနမှူး<br>ဆေးပညာ |
| (၉) | ဗိုလ်မှူးကြီးနီနီဝင်း | ပါမောက္ခ/ဌာနမှူး<br>နှလုံးဆေးကု |
| (၁၀) | ဗိုလ်မှူးကြီးဇော်ဝင်းမော် | ပါမောက္ခ/ဌာနမှူး<br>အရိုးရောဂါ |
| (၁၁) | ဗိုလ်မှူးကြီးခင်ဝင်းစိန် | ပါမောက္ခ/ဌာနမှူး<br>ပြန်လည်သန်စွမ်းရေးဆေးပညာ |
| (၁၂) | ဗိုလ်မှူးကြီးချောချောခိုင် | ပါမောက္ခ/ဌာနမှူး<br>မျက်စိ |
| (၁၃) | ဗိုလ်မှူးကြီးဝင်းမြ | ပါမောက္ခ/ဌာနမှူး<br>ဓာတ်မှန် |
| (၁၄) | ဒုတိယဗိုလ်မှူးကြီး<br>ထွန်းထွန်းအောင် | ပါမောက္ခ/ဌာနမှူး<br>ခွဲစိတ် |
| (၁၅) | ဒုတိယဗိုလ်မှူးကြီး<br>စပယ်သန်းလွင် | ပါမောက္ခ/ဌာနမှူး<br>သားဖွားမီးယပ် |
| (၁၆) | ဒုတိယဗိုလ်မှူးကြီးနီလာလွင် | ပါမောက္ခ/ဌာနမှူး<br>ကလေးကျန်းမာ |
| (၁၇) | ဒုတိယဗိုလ်မှူးကြီးအေးမင်းစိုး | ပါမောက္ခ/ဌာနမှူး<br>အစာအိမ်အူလမ်းကြောင်းနှင့်အသည်းရောဂါ |
| (၁၈) | ဒုတိယဗိုလ်မှူးကြီးမေသွေးကို | ပါမောက္ခ/ဌာနမှူး<br>အဏုမြူနှင့်ရေဒီယိုသတ္တိကြွဆေးပညာ |
| (၁၉) | ဒုတိယဗိုလ်မှူးကြီးယုအေးလတ် | ပါမောက္ခ/ဌာနမှူး<br>မေ့ဆေး |
| (၂၀) | ဒုတိယဗိုလ်မှူးကြီးခင်စုအေး | ပါမောက္ခ/ဌာနမှူး<br>နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ |
| (၂၁) | ဒုတိယဗိုလ်မှူးကြီး<br>ဉာဏ်ဝင်းကျော် | ပါမောက္ခ/ဌာနမှူး<br>စိတ် |
| (၂၂) | ဒုတိယဗိုလ်မှူးကြီးကျော်မျိုးထွန်း | ပါမောက္ခ/ဌာနမှူး (ယာယီကထိက)<br>ကာကွယ်/လူမှုဆေးပညာ |
| (၂၃) | ဒုတိယဗိုလ်မှူးကြီးစန်းစန်းဝင်း | ပါမောက္ခ/ဌာနမှူး<br>ရောဂါဗေဒ |
| (၂၄) | ဒုတိယဗိုလ်မှူးကြီးခင်ဉမ္မာကြိုင် | ပါမောက္ခ/ဌာနမှူး<br>ဆေးဝါးဗေဒ |

| စဉ် | အမည် | ရာထူး/ဌာန |
|---|---|---|
| (၂၅) | ဒုတိယဗိုလ်မှူးကြီးခိုင်ခိုင်စု | ပါမောက္ခ/ဌာနမှူး<br>အဏုဇီဝဗေဒ |
| (၂၆) | ဒုတိယဗိုလ်မှူးကြီးခင်နွယ်ကြည် | ခေတ္တဌာနမှူး (ယာယီကထိက)<br>ဇီဝကမ္မဗေဒ |
| (၂၇) | ဒုတိယဗိုလ်မှူးကြီးမို့မို့သန်း | ပါမောက္ခ/ဌာနမှူး<br>ဇီဝဓာတုဗေဒ |

၂။ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ အဖွဲ့ဝင်များသည် အခြေခံစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးရှိ အောက်ဖော်ပြပါ အရာထမ်းများအား ပြည်ထောင်စုဝန်ကြီးရုံးနှင့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနရှိ ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူး/ဌာန နေရာများသို့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဦးမင်းအေးကို<br>လ/ထအတွင်းဝန်/ညွှန်ကြားရေးမှူး<br>(၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀)<br>မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေး နှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး | ဒုတိယအမြဲတမ်းအတွင်းဝန်<br>(၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀)<br>ပြည်ထောင်စုဝန်ကြီးရုံး |
| (ခ) | ဦးဝင်းနိုင်<br>လ/ထအတွင်းဝန်/ညွှန်ကြားရေးမှူး<br>(၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀)<br>စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀)<br>တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ဦးစီးဌာန |
| (ဂ) | ဒေါ်အေးမြသိန်း<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေး ဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့်ဘဏ္ဍာရေး ဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး |

နိုင်သက်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | { ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်<br>( ၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက် ) } | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး
### ညွှန်ကြားချက်အမှတ် ၁/၂၀၁၇

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
( ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**အစိုးရဌာန၊ အဖွဲ့အစည်းများ၏တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း**

၁။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ၏တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူရေး၊ ဝန်ဆောင်မှုနှင့် ငှားရမ်းရောင်းချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရန် အချက်များကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ (၁/၂၀၁၃) ဖြင့် **“ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းချက်များ”** ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထို့အပြင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များအား ဆောက်လုပ်ရေးဝန်ကြီးဌာနက “ကန်ထရိုက်စနစ်ဖြင့်လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့်လုပ်ငန်းလမ်းညွှန်ချက်” ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နှင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တို့တွင် ထုတ်ပြန်ခဲ့ပါသည်။

၃။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် တင်ဒါများအား ဆောင်ရွက်ခွင့်ပြုရာတွင် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ အဂတိလိုက်စားမှုများ မရှိစေရန်၊ တင်ဒါကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းများ မဖြစ်စေဘဲ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် နိုင်ငံတော်နှင့်အများပြည်သူအတွက် ထိရောက်အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဖြစ်ရန် ရည်ရွယ်၍ ဤလုပ်ထုံးလုပ်နည်းကို ထုတ်ပြန်ခြင်း ဖြစ်ပါသည်။

၄။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူများအမြင်တွင် သံသယကင်းရှင်းစေရန်အတွက်တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်သည့်အခါ တင်ဒါအောင်မြင်သည့်လုပ်ငန်းရှင်/ကုမ္ပဏီသည်

သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန အကြီးအကဲများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်များနှင့် မိသားစုအရ၊ လူမှုရေးအရ၊ စီးပွားရေးအရနှင့် လုပ်ငန်းအရ ပတ်သက်ခြင်းတို့ရှိပါက ပြည်ထောင်စုအစိုးရ အဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူရပါမည်။ ထို့အပြင် တင်ဒါရွေးချယ်မှုကို မလျော်ဩဇာသုံး၍တစ်နည်းနည်းဖြင့် လွှမ်းမိုးဆောင်ရွက်ခြင်းများကိုလည်း လက်မခံဘဲ တရားမျှတမှုရှိစွာနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်ဖြစ်ပါသည်။

၅။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် တင်ဒါခေါ်ယူရာတွင် ဤညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၏ "ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်" ကိုလည်း လိုက်နာဆောင်ရွက်ရပါမည်။

၆။ နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းကြီးများအား တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏သဘောတူခွင့်ပြုချက်ရယူ၍ဆောင်ရွက်ရန်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ခွင့်ပြုချက်ရယူဆောင်ရွက်ကြရန်ဖြစ်ပါသည်။

၇။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် တင်ဒါခေါ်ယူသည့် ကိစ္စရပ်တိုင်းအတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများမှ အောက်ပါအတိုင်း ရန်ပုံငွေခွင့်ပြုချက်တောင်းခံရမည် -

(က) ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျခံသုံးစွဲပြီး တင်ဒါခေါ်ယူမည့် စီမံကိန်း၊ လုပ်ငန်းများအား သက်ဆိုင်ရာဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ရန်၊

(ခ) ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျခံသုံးစွဲမည့် စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာတန်ဆာပလာများ၊ ရုံးသုံးယာဉ်များနှင့် အခြားစရိတ်များအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ရန်၊

(ဂ) သာမန်အသုံးစရိတ်ဖြင့် ကျခံသုံးစွဲမည့်ကုန်ကြမ်း၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ပညာရေးဆိုင်ရာအထောက်အကူပြုပစ္စည်းများကဲ့သို့ ကိစ္စရပ်များနှင့်ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျခံသုံးစွဲခဲ့သည့် စီမံကိန်းလုပ်ငန်းများအတွက် သာမန်အသုံးစရိတ်မှ ကျခံသုံးစွဲမည့်အကြီးစားပြင်ဆင်ထိန်းသိမ်းရေး ကိစ္စရပ်များအား သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၏ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ရန်၊

(ဃ) နိုင်ငံခြားငွေဖြင့် ကျခံသုံးစွဲမည့် တည်ဆောက်ခြင်းနှင့် ပစ္စည်းဝယ်ယူခြင်းများအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ နှစ်စဉ် နိုင်ငံခြားသုံးငွေစာရင်းတွင် ပါဝင်ရန်။

၈။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့်ရောင်းချခြင်းများဆောင်ရွက်ရာတွင် "တင်ဒါကော်မတီ"၊ "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ"၊ "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ"၊ "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" တို့ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

၉။ "တင်ဒါကော်မတီ" ဖွဲ့စည်းရာတွင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်မှ "တင်ဒါကော်မတီ" ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်း၏ အကြီးအကဲများပါဝင်သော "တင်ဒါကော်မတီ" ကို ဖွဲ့စည်းရမည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှကျခံ၍ တိုင်းဒေသကြီး/ပြည်နယ်များတွင်ခေါ်ယူသည့် တင်ဒါများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများမှ "တင်ဒါကော်မတီ" ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဝယ်ယူမည့် တိုင်းဒေသကြီး၊ ပြည်နယ်ဌာနအကြီးအကဲများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ကိုယ်စားလှယ်များ

ပါဝင်သော "တင်ဒါကော်မတီ" ကို ဖွဲ့စည်းရမည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှကျခံ၍ တင်ဒါခေါ်ယူခြင်းများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဝယ်ယူမည့်ဌာနနှင့် ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များပါဝင်သော "တင်ဒါကော်မတီ" ကို ဖွဲ့စည်းရမည်။

၁၀။ "တင်ဒါကော်မတီ" အနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ကျပ် ၁၀ သန်းအောက်တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့်ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန်မလိုဘဲ "တင်ဒါကော်မတီ" အနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း ဆောင်ရွက်နိုင်သည်၊

(ခ) ကျပ် ၁၀ သန်းမှ ကျပ်သန်း ၁၀၀ အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တ (၂) ပတ် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာရမည်။ ထို့အပြင် "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဌာနက တာဝန်ပေးအပ်ထားသူများအပြင် အခြားသော ဆက်စပ်ဌာနအဖွဲ့အစည်းများမှ အနည်းဆုံး (၃) ဦး ပါဝင်ဖွဲ့စည်းရမည်၊

(ဂ) ကျပ်သန်း ၁၀၀ အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁) လကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး နှစ်ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁) လ ကြိုတင်ကြေညာရမည်၊

(ဃ) နိုင်ငံတကာတင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေမဖြစ်မနေသုံးစွဲရမည့် ကိစ္စရပ်များမှအပ ပြည်တွင်းတွင်ဝယ်ယူရရှိနိုင်သည့် ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူရမည်၊

(င) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်း ရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေးဆောင်ရွက်နိုင်ပြီး ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေရမည်။

၁၁။ "တင်ဒါကော်မတီ" သည် ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတင်ဒါများအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုး တစ်နှစ်အတွက် ကျပ် ၁၀ သန်း အောက်ဖြစ်ပါက "တင်ဒါကော်မတီ" မှ ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် ရက်သတ္တ (၂) ပတ်ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာရမည်။ ထို့အပြင် "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဌာနက တာဝန်ပေးအပ်ထားသူများအပြင် အခြားသောဆက်စပ်ဌာန၊ အဖွဲ့အစည်းများမှ အနည်းဆုံး (၃) ဦး ပါဝင်ဖွဲ့စည်းရမည်၊

(ခ) ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုး တစ်နှစ်အတွက် ကျပ် ၁၀ သန်းနှင့်အထက်ဖြစ်ပါက ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို

တိကျစွာဖော်ပြ၍ တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁) လကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး နှစ်ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ဝန်ကြီးဌာန Website တွင် (၁) လ ကြိုတင်ကြေညာရမည်။

၁၂။ "တင်ဒါကော်မတီ" သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ/မရှိ စိစစ်ခြင်း၊

(ခ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ဂ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်း၊

(ဃ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကုန်ထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(င) နည်းပညာအရမြင့်မားပြီး ရှုပ်ထွေးသည့်ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(စ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့်နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(ဆ) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း၊

(ဇ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(ဈ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(ည) နမူနာတောင်းခံရန် လိုအပ်သည့်ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဋ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း။

၁၃။ "တင်ဒါကော်မတီ" သည် "ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီ" ကို အောက်ပါအတိုင်း ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည် -

(က) "တင်ဒါကော်မတီ" သည် ငှားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်း၏ ဈေးကွက်အခြေအနေကို နားလည် တတ်ကျွမ်းသည့် သက်ဆိုင်ရာဦးစီးဌာနများမှ ကိုယ်စားလှယ် အနည်းဆုံး (၃) ဦး ပါဝင်သည့် "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" အား ဖွဲ့စည်းတာဝန်ပေးအပ်ရမည်၊

(ခ) "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" သည် ငှားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်းအတွက် ကြမ်းခင်းဈေးနှုန်းကို တွက်ချက်ပြီး "တင်ဒါကော်မတီ" သို့ တင်ပြရမည်။

၁၄။ "တင်ဒါကော်မတီ" သည် "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို အောက်ပါအတိုင်းဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည် -

(က) "တင်ဒါကော်မတီ" သည် "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို ဌာနကိုယ်စားလှယ်များအပြင် တည်ဆောက်ခြင်း၊ ဝယ်ယူမည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ တတ်ကျွမ်းနားလည်သည့်ဆက်စပ်ဌာနများမှကိုယ်စားလှယ် အနည်းဆုံး (၃) ဦးမှ အများဆုံး (၅) ဦး ပါဝင်ဖွဲ့စည်းရမည်၊

(ခ) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" သည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(၁) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

၁၅။ "တင်ဒါကော်မတီ" သည် "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" ကို အောက်ပါ အတိုင်း ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည် -

(က) "တင်ဒါကော်မတီ" သည် ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းမှကိုယ်စားလှယ် အနည်းဆုံး (၃) ဦးဖြင့် "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်၊

(ခ) "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" သည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန် များကို ဆောင်ရွက်ရမည် -

(၁) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(၂) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) ဝယ်ယူမည့် ဌာနအဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

**တင်ဒါလုပ်ငန်းစဉ်များ**

၁၆။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုနှင့်အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ဖော်ပြပါလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရမည်-

(က) ရန်ပုံငွေခွင့်ပြုချက် ရှိ/မရှိ စိစစ်ခြင်း၊

(ခ) ဝယ်ယူရေးအစီအစဉ် ရေးဆွဲတင်ပြအတည်ပြုချက်ရယူခြင်း၊

(ဂ) စာချုပ်ဆိုင်ရာ စာရွက်စာတမ်းများအပါအဝင် တင်ဒါစာရွက်စာတမ်းများ ပြုစုခြင်း၊

(ဃ) တင်ဒါဖိတ်ခေါ်ခြင်းနှင့် ကြော်ငြာခြင်း၊

(င) တင်ဒါလက်ခံခြင်းနှင့် စိစစ်ခြင်း၊

(စ) တင်ဒါများကို အကဲဖြတ်သုံးသပ်ခြင်းနှင့် ကန်ထရိုက်အပ်နှင်းရန် အကြံပြုချက်များပါဝင်သည့် အစီရင်ခံစာများ တင်ပြခြင်း၊

(ဆ) တင်ဒါအောင်မြင်သူအား ထုတ်ပြန်ကြေညာခြင်း၊

(ဇ) စာချုပ်ပြင်ဆင်ခြင်းနှင့် ချုပ်ဆိုခြင်း၊

(ဈ) ငွေပေးချေခြင်းအပါအဝင် စာချုပ်ကို စီမံခန့်ခွဲခြင်း။

**ရန်ပုံငွေခွင့်ပြုချက် ရှိ/မရှိ စိစစ်ခြင်း**

၁၇။ "တင်ဒါကော်မတီ" သည် တင်ဒါခေါ်ယူရမည့် လုပ်ငန်းများအတွက် ဘဏ္ဍာရန်ပုံငွေခွင့်ပြုချက် ရရှိပြီးခြင်း ရှိ/မရှိ အောက်ပါအတိုင်း စိစစ်ရမည် -

(က) ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျခံသုံးစွဲပြီး တင်ဒါခေါ်ယူမည့်စီမံကိန်း၊ လုပ်ငန်းများအား သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ၊

(ခ) ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျခံသုံးစွဲမည့် စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာတန်ဆာပလာများ၊ ရုံးသုံးယာဉ်များနှင့် အခြားစရိတ်များအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ နှစ်စဉ် ရသုံး ခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ၊

(ဂ) သာမန်အသုံးစရိတ်ဖြင့် ကျခံသုံးစွဲမည့် ကုန်ကြမ်း၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ပညာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ စသည့်ကိစ္စရပ်များနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျခံသုံးစွဲခဲ့သည့် စီမံကိန်း၊ လုပ်ငန်းများအတွက် သာမန်အသုံးစရိတ်မှ ကျခံသုံးစွဲမည့်အကြီးစား ပြင်ဆင် ထိန်းသိမ်းရေးကိစ္စရပ်များအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ နှစ်စဉ်ရသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ၊

(ဃ) နိုင်ငံခြားငွေဖြင့် ကျခံသုံးစွဲမည့် တည်ဆောက်ခြင်းနှင့် ပစ္စည်းဝယ်ယူခြင်းများအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ နှစ်စဉ်နိုင်ငံခြားသုံးငွေစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ။

**ဝယ်ယူရေးအစီအစဉ် ရေးဆွဲတင်ပြခြင်း**

၁၈။ ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ရသုံးခန့်မှန်းခြေစာရင်း ဘဏ္ဍာငွေခွင့်ပြုချက်ရရှိမှုကို စိစစ်ပြီး အောက်ပါတို့ ပါဝင်သည့် ဝယ်ယူရေးအစီအစဉ်ရေးဆွဲ၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်း အကြီးအကဲ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်အား တင်ပြအတည်ပြုချက်ရယူရမည် -

(က) တင်ဒါခေါ်ယူမည့် စီမံကိန်း သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဖော်ပြချက်များ၊

(ခ) ဘတ်ဂျက်ရာထားချက်/ခွင့်ပြုဘဏ္ဍာရန်ပုံငွေ၊

(ဂ) ဝယ်ယူမည့်အစီအစဉ်၊

(ဃ) တင်ဒါဖွင့်ဖောက်မည့်ခန့်မှန်းနေ့ရက်၊

(င) တင်ဒါအပ်နှင်းမည့်ခန့်မှန်းနေ့ရက်၊

(စ) ပြီးစီးမည့်ခန့်မှန်းနေ့ရက်။

**တင်ဒါစာရွက်စာတမ်းများ ပြုစုခြင်း**

၁၉။ ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းများသည် "တင်ဒါကော်မတီ" ၏ ခွင့်ပြုချက်ရယူ၍ အိတ်ဖွင့်တင်ဒါ ခေါ်ယူရာတွင် အောက်ပါတင်ဒါစာရွက်စာတမ်းများကို ပြင်ဆင်ရမည် -

(က) တင်ဒါဖိတ်ခေါ်စာ သို့မဟုတ် ကြော်ငြာ၊

(ခ) တင်ဒါပုံစံများ၊

(ဂ) စံချိန်စံညွှန်းသတ်မှတ်ချက်များ၊

(ဃ) တင်ဒါတင်သွင်းသူများသို့ ညွှန်ကြားချက်၊

(င) တင်ဒါအရည်အချင်း သတ်မှတ်ချက်၊

(စ) တင်ဒါစိစစ်အကဲဖြတ်မည့်အစီအစဉ်၊

(ဆ) စာချုပ်တွင် ပါဝင်ရမည့်အချက်များ။

**တင်ဒါဖိတ်ခေါ်ခြင်းနှင့် ကြော်ငြာခြင်း**

၂၀။ တင်ဒါကြော်ငြာရာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည် -

(က) ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်း၏ အမည်နှင့်လိပ်စာ၊

(ခ) တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့် စံချိန်စံညွှန်းအရည်အသွေးသတ်မှတ်ချက်များ၊

(ဂ) တင်ဒါတင်သွင်းသူ၏ အရည်အချင်းဆိုင်ရာ လိုအပ်ချက်များ၊

(ဃ) တင်ဒါစာရွက်စာတမ်းများအတွက် ကျသင့်သည့်စျေးနှုန်း၊

(င) တင်ဒါတင်သွင်းရမည့်နည်းလမ်း၊ နေရာနှင့် နောက်ဆုံးတင်သွင်းရမည့်နေ့ရက်။

**တင်ဒါတင်သွင်းခြင်း**

၂၁။ တင်ဒါအား တင်ဒါစာရွက်စာတမ်းတွင် ဖော်ပြပါရှိသည့် နည်းလမ်း၊ နေရာနှင့်အချိန်အတိုင်းတင်သွင်းရမည်။ တင်ဒါတင်သွင်းလွှာအား ရေးသားပြီး ချိပ်ပိတ်ထားသော စာအိတ်ဖြင့် တင်သွင်းရမည်။ တင်ဒါစာရွက်စာတမ်းတွင် တင်ဒါတည်မြဲသည့်ကာလကို ဖော်ပြရမည်။ အဆိုပါကာလသည် ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းအနေဖြင့် အကဲဖြတ်ခြင်းနှင့် ခွင့်ပြုချက်ရယူခြင်းအတွက် လုံလောက်သောအချိန်ဖြစ်ရမည်။ ရှုပ်ထွေးပြီး ကြီးမားသည့်စီမံကိန်းကြီးများမှအပ တင်ဒါတည်မြဲမှုကာလသည် တင်ဒါတင်သွင်းသည့်နေ့ရက်မှစ၍ (၃) လထက် မပိုစေရ။ ရှုပ်ထွေးပြီး ကြီးမားသည့်စီမံကိန်းကြီးများအတွက်မူ “တင်ဒါကော်မတီ” မှ တင်ဒါတည်မြဲမှုကာလကို သတ်မှတ်ပေးရမည်။

၂၂။ တင်ဒါတင်သွင်းသူမှ တင်ဒါအာမခံကြေးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့်ဘဏ်တစ်ခုခုမှ ရယူ၍ တင်သွင်းနိုင်သည်။ တင်ဒါအာမခံကြေးသည် တင်ဒါတန်ဖိုး၏ (၁%) ဖြစ်ပြီး သက်တမ်းမှာ တင်ဒါတည်မြဲမှုကာလကုန်ဆုံးသည့်နောက် (၂၈) ရက်အထိ ဖြစ်ရပါမည်။ ဈေးနှုန်းအဆိုပြုလွှာခေါ်ယူခြင်း၊ စိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူခြင်းနှင့် တိုက်ရိုက်စာချုပ် ချုပ်ဆိုခြင်းတို့အတွက် တင်ဒါအာမခံကြေးမလိုအပ်ပါ။

**တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် တင်ဒါဖွင့်ဖောက်ခြင်းနှင့် စိစစ်ခြင်း**

၂၃။ တင်ဒါအား တင်ဒါစာရွက်စာတမ်းတွင် ဖော်ပြပါရှိသည့် နည်းလမ်း၊ နေရာနှင့်အချိန်အတိုင်း တင်ဒါတင်သွင်းသူများရှေ့တွင် ဖွင့်ဖောက်ရမည်။ တင်ဒါဖွင့်ဖောက်စဉ်တွင် အောက်ဖော်ပြပါ အချက်အလက်များကို ကြေညာရမည် -

(က) တင်ဒါတင်သွင်းသူများ၏အမည်၊

(ခ) တင်သွင်းသည့်ဈေးနှုန်း၊

(ဂ) တင်ဒါအာမခံကြေး၏ ပမာဏနှင့်တည်မြဲမှုကာလ။

၂၄။ ဝယ်ယူမည့် ဌာနအဖွဲ့အစည်းသည် တင်ဒါစာရွက်စာတမ်းတွင် ဖော်ပြပါရှိသည့် အကဲဖြတ်မှုစံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ စိစစ်အကဲဖြတ်ရမည်။ တင်ဒါတင်သွင်းသူများအား စိစစ်အကဲဖြတ်ရာတွင် အောက်ဖော်ပြပါ လုပ်ငန်းအဆင့်များအတိုင်း ဆောင်ရွက်ရမည် -

(က) စာရွက်စာတမ်းပြည့်စုံမှု၊

(ခ) တင်ဒါအာမခံကြေး၊

(ဂ) သတ်မှတ်အရည်အချင်းပြည့်မီမှု၊

(ဃ) လိုအပ်ပါက ထုတ်လုပ်သူ၏ခွင့်ပြုချက်၊

(င) တင်ဒါတင်သွင်းသူများ၏ အတွေ့အကြုံ၊

(စ) စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု၊

(ဆ) လုပ်ငန်းဆိုင်ရာသတ်မှတ်ချက်များနှင့် ကိုက်ညီမှု၊

အထက်ပါ အချက်များအားလုံးအပေါ် အခြေခံပြီး တင်ဒါ အောင်/ရှုံး ကို ဆုံးဖြတ်ရပါမည်။

၂၅။ ရှုပ်ထွေးပြီး ကြီးမားသည့် စီမံကိန်းကြီးများအတွက်မူ အကဲဖြတ်မှုကို အမှတ်ပေးစနစ် (rated point system) ဖြင့် ပြုလုပ်ရမည်။ အမှတ်ပေးစနစ်ကို အသုံးပြုလျှင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) တင်ဒါတင်သွင်းသူများ၏ အရည်အချင်းနှင့်အတွေ့အကြုံ - ၀ မှ ၁၀ မှတ်၊

(ခ) အသုံးပြုသည့်နည်းလမ်း - ၀ မှ ၁၀ မှတ်၊

(ဂ) အရေးကြီးသည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်ကိုက်ညီမှု - ၀ မှ ၂၀ မှတ်၊

(ဃ) အဓိကကျသောဝန်ထမ်းများ - ၀ မှ ၁၀ မှတ်၊

(င) ကမ်းလှမ်းသည့်စျေးနှုန်း - ၅၀ မှ ၇၀ မှတ်။

တင်ဒါတင်သွင်းသူများက တင်သွင်းသည့် အနိမ့်ဆုံးစျေးနှုန်းကို အမှတ်အများဆုံးပေး၍ ကျန်အချက်များကို အချိုးကျတွက်ချက်ရမည်။ စုစုပေါင်းရမှတ်သည် ၁၀၀ မှတ်ထက်မပိုစေရ။ တင်ဒါများသည် အထက်ဖော်ပြပါ လိုအပ်ချက်များနှင့် တင်ဒါစာရွက်စာတမ်းပါ အခြားလိုအပ်ချက်များနှင့် အများဆုံးကိုက်ညီမှုရှိပါက ကမ်းလှမ်းသည့်စျေးနှုန်းကို ထပ်မံသုံးသပ်၍ နည်းပညာစံချိန်စံညွှန်းကိုက်ညီသော တင်ဒါတင်သွင်းသူများအနက်မှ စျေးအနည်းဆုံးသော တင်ဒါကို ရွေးချယ်ရမည်။

## အကြံပေး၊ ဝန်ဆောင်မှုရယူခြင်းအတွက် တင်ဒါလက်ခံခြင်းနှင့် စိစစ်ခြင်း

၂၆။ အကြံပေး၊ ဝန်ဆောင်မှုရယူရာတွင် ပြည်ထောင်စုအစိုးရ၏ မူဝါဒဖြစ်သည့် ထူးခြားမှုရှိပြီး လိုအပ်သည့် အခြေအနေများအတွက်သာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်ရယူ၍ဆောင်ရွက်ရန်ဖြစ်ပါသည်။ အကြံပေးများ ငှားရမ်းဆောင်ရွက်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်ရရှိပြီးပါက ငှားရမ်းမည့် ဌာန၊ အဖွဲ့အစည်းသည် စိတ်ဝင်စားမှုအဆိုပြုလွှာ တောင်းခံ၍ အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်။

(က) ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းမှ အကြံပေးကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ အဆိုပြုလွှာများ ပြင်ဆင်နိုင်ရန် အနည်းဆုံးရက်ပေါင်း (၃၀) ခွင့်ပြုပေးရမည်။

(ခ) နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများအား ချိပ်ပိတ်စာအိတ်များဖြင့် သီးခြားစီခွဲ၍ တင်ဒါတင်သွင်းရမည့်နေ့ရက်တွင် တစ်ပြိုင်တည်း တင်သွင်းစေရမည်။

(ဂ) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" အနေဖြင့် လက်ခံရရှိသည့် နည်းပညာဆိုင်ရာ အဆိုပြုလွှာများအားလုံးအား ဖွင့်ဖောက်ရမည်။ ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများအား အများရှေ့မှောက်တွင် ဖွင့်ဖောက်ခြင်းမပြုဘဲ ချိပ်ပိတ်ထားရမည်။

၂၇။ အဆိုပြုလွှာများကို စိစစ်အကဲဖြတ်မှုကို အဆင့်နှစ်ဆင့်ဖြင့်ပြုလုပ်ရမည်။ ပထမဦးစွာ နည်းပညာဆိုင်ရာ အဆိုပြုလွှာ၏ အရည်အချင်းနှင့် အရည်အသွေးကို အကဲဖြတ်ပြီးမှသာ ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာအား အကဲဖြတ်ရမည်။ နည်းပညာဆိုင်ရာ အကဲဖြတ်မှုမပြီးဆုံးမီ ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာအား ဖွင့်ဖောက်ခြင်းမပြုလုပ်ရ။

၂၈။ "တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ" အနေဖြင့် နည်းပညာဆိုင်ရာအဆိုပြုလွှာတစ်ခုချင်းစီကို အကဲဖြတ်ရာတွင် အောက်ပါစံနှုန်းများကို အသုံးပြုရမည် -

(က) အကြံပေးသို့ ပေးအပ်မည့် လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သည့် လုပ်ငန်းအတွေ့အကြုံ၊

(ခ) လုပ်ငန်းလုပ်ဆောင်မည့် နည်းလမ်း၊

(ဂ) အဓိကကျသည့် ကျွမ်းကျင်ပုဂ္ဂိုလ်များ ပါဝင်မှု၊

(ဃ) လုပ်ငန်းဆိုင်ရာရည်ညွှန်းဖော်ပြချက်တွင် ဖော်ပြထားသည့် နည်းပညာ/အတတ်ပညာ လွှဲပြောင်းပေးနိုင်မှု၊

(င) ပေးအပ်မည့် လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သည့် အဓိကကျသည့် ကျွမ်းကျင်ပုဂ္ဂိုလ်များတွင် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်မှု။

၂၉။ ရမှတ်ပေးရာတွင် အောက်ဖော်ပြပါ ရမှတ်သတ်မှတ်ချက်များအတွင်းရှိရမည်ဖြစ်ပြီး ရမှတ် (၁၀၀) ထက် မကျော်စေရပါ -

(က) အကြံပေး၏ လုပ်ငန်းအတွေ့အကြုံ - ၀ မှတ်မှ ၁၀ မှတ်အထိ၊

(ခ) လုပ်ငန်းလုပ်ဆောင်မည့်နည်းလမ်း - ၂၀ မှတ်မှ ၅၀ မှတ်အထိ၊

(ဂ) အဓိကကျသည့် ကျွမ်းကျင်ပုဂ္ဂိုလ်များ - ၃၀ မှတ်မှ ၆၀ မှတ်အထိ၊

(ဃ) နည်းပညာ/အတတ်ပညာ လွှဲပြောင်းပေးနိုင်မှု - ၀ မှတ်မှ ၁၀ မှတ်အထိ၊

(င) ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များပါ၀င်ဆောင်ရွက်နိုင်မှု - ၀ မှတ်မှ ၁၀ မှတ်အထိ။

**ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများ ဖွင့်ဖောက်ခြင်း**

၃၀။ နည်းပညာအကဲဖြတ်မှုပြီးဆုံးပါက နည်းပညာဆိုင်ရာသတ်မှတ်ထားသော အောင်မှတ်ရရှိသော အဖွဲ့များ၏ ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများကိုသာ "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" မှ ဖွင့်ဖောက်စိစစ်၍ ဈေးနှုန်းအနည်းဆုံးတင်သွင်းသူအား စိစစ်ရွေးချယ်ရမည်။

**စာချုပ်ညှိနှိုင်းခြင်းနှင့် အပ်နှင်းခြင်း**

၃၁။ စာချုပ်ညှိနှိုင်းခြင်းတွင် လုပ်ငန်းတာ၀န်၊ ဆောင်ရွက်မည့်နည်းလမ်း၊ ၀န်ထမ်းအရေအတွက်၊ ၀ယ်ယူသူဘက်မှ ထောက်ပံ့ပေးရမည့်ကိစ္စများနှင့် အခြေအနေများအား ဆွေးနွေးရမည်ဖြစ်ပြီး ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးမှတ်တမ်း ထုတ်ပြန်ရမည်။ "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" အနေဖြင့် အမှတ်အများဆုံးရရှိသောအဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးခြင်းပျက်ခဲ့ပါက အဆင့်အလိုက် ရမှတ်အများဆုံးရရှိသော အကြံပေးနှင့် ညှိနှိုင်းဆွေးနွေးရမည်။

**တစ်ဦးချင်းအကြံပေးများ ရွေးချယ်ခြင်း**

၃၂။ တစ်ဦးချင်းအကြံပေးများအား သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ၊ အရည်အသွေးရှိသော အနည်းဆုံး အကြံပေး (၃) ဦးအား နှိုင်းယှဉ်ခြင်းဖြင့် ရွေးချယ်ရမည်။ အဆိုပါအကြံပေး (၃) ဦးအား ၎င်းတို့မှ အဆိုပါ လုပ်ငန်းအား စိတ်၀င်စားကြောင်း ဖော်ပြချက်များမှသော်လည်းကောင်း၊ "တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီ" မှ တိုက်ရိုက်ဆက်သွယ်ခြင်းဖြင့်သော်လည်းကောင်း ရယူနိုင်သည်။ ရွေးချယ်ရန် စဉ်းစားထားသော အကြံပေးများသည် လုပ်ငန်းအတွက် သတ်မှတ်ထားသော အချက်အလက်များမှ အတွေ့အကြုံနှင့် အရည်အချင်းများပြည့်မီသူများကိုသာ နှိုင်းယှဉ်စဉ်းစားရွေးချယ်ရမည်။ "တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီ" သည် "တင်ဒါကော်မတီ" ၏ ခွင့်ပြုချက်ရယူ၍ အကောင်းဆုံးအကြံပေးနှင့် ညှိနှိုင်း၍ စာချုပ် ချုပ်ဆိုရမည်။

**နိုင်ငံပိုင်ပစ္စည်းများငှားရမ်းခြင်းနှင့် ရောင်းချခြင်း**

၃၃။ "တင်ဒါကော်မတီ" အနေဖြင့် နိုင်ငံပိုင်မြေပေါ်ရှိ ပိုင်ဆိုင်ပစ္စည်းများ၊ မြေကွက်များနှင့်စက်ရုံများကို ရောင်းချရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ရောင်းချမည့် နိုင်ငံပိုင်ပစ္စည်းများ၏ စာရင်းနှင့် အသေးစိတ်ဖော်ပြချက်၊

(ခ) "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" က ပစ္စည်းတစ်မျိုးစီအတွက် ကြမ်းခင်းဈေးကိုတွက်ချက် ရမည်၊

(ဂ) "တင်ဒါကော်မတီ" အနေဖြင့် ရောင်းချမည့် ပစ္စည်းအား နိုင်ငံပိုင်သတင်းစာများနှင့်ဝန်ကြီးဌာန Website တွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် အနည်းဆုံး (၁) လကြိုတင်၍ သိသာထင်ရှားစွာ ကြော်ငြာရမည်၊

(ဃ) ၀ယ်ယူမည့် အဖွဲ့အစည်းသည် ကြော်ငြာတွင်ဖော်ပြထားသည့် နောက်ဆုံးရက်မတိုင်မီ ၎င်း၏ ကမ်းလှမ်းချက်ကို ချိပ်ပိတ်စာအိတ်နှင့် တင်သွင်းရမည်။ ၀ယ်ယူသူ၏ကမ်းလှမ်းချက်ကို ၎င်းတို့ ကမ်းလှမ်းချက်၏အမြင့်ဆုံး (၁၀%) သို့မဟုတ် "တင်ဒါကော်မတီ" က ဆုံးဖြတ်သတ်မှတ်သည့် တန်ဖိုးကို တင်ဒါအာမခံကြေးအဖြစ် တင်သွင်းရမည်။ တင်ဒါအာမခံကြေး၏ တည်မြဲမှုကာလသည် တင်ဒါဖွင့်လှစ်သည့် နေ့ရက်မှ ရက်ပေါင်း (၆၀) အတွင်းဖြစ်သည်၊

(င) "တင်ဒါကော်မတီ" သည် စာအိတ်ကို ဖွင့်လှစ်ပြီးနောက် ပစ္စည်းအမည်၊ ဝယ်ယူသူနှင့်၎င်းတို့၏ ကမ်းလှမ်းသည့် ဈေးနှုန်းကိုကြေညာရမည်၊

(စ) သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးနှင့်အတူ ကြမ်းခင်းဈေးထက် ဈေးနှုန်းအမြင့်ဆုံး ကမ်းလှမ်းသည့် ဝယ်ယူသူအား ရွေးချယ်ရမည်၊

(ဆ) တင်ဒါတင်သွင်းသူအားလုံး၏ ဈေးနှုန်းအဆိုပြုချက်များသည် သတ်မှတ်သည့် ကြမ်းခင်းဈေးထက် လျော့နည်းပါက "တင်ဒါကော်မတီ" အနေဖြင့် ခိုင်လုံသည့်အကြောင်းပြချက်ဖြင့် ရောင်းချမှုကို ပယ်ဖျက်နိုင်သည်။

## ရောင်းချခြင်းအတွက် ငွေပေးသွင်းမှု

၃၄။ နိုင်ငံပိုင်ပစ္စည်းများရောင်းချခြင်းအတွက် ငွေပေးသွင်းမှုကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ နိုင်ငံတော်စာရင်းဖြစ်သော ငွေတိုက်ဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-012672 သို့ ပေးသွင်းရမည်။ ငွေပေးသွင်းမှုကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ရောင်းချငွေတန်ဖိုး၏ (၃၀%) ကို လက်ခံကြောင်းအကြောင်းကြားစာရရှိပြီး (၁) လအတွင်း ငွေပေးသွင်းရပါမည်၊

(ခ) ပထမအရစ်ပေးသွင်းပြီးနောက်ကျန်ငွေ (၇၀%) ကို အောက်ပါအတိုင်း ပေးသွင်းရမည် -

(၁) ရောင်းချငွေတန်ဖိုး ကျပ်သန်း (၁၀၀၀) အောက်အတွက် ကျန်ငွေ (၇၀%) ကို လက်ခံကြောင်း အကြောင်းကြားစာရရှိပြီး (၆) လအတွင်း အပြီးပေးသွင်းရပါမည်၊

(၂) ရောင်းချငွေတန်ဖိုး ကျပ်သန်း (၁၀၀၀) အထက်အတွက် ကျန်ငွေ (၇၀%) ကို လက်ခံကြောင်း အကြောင်းကြားစာရရှိပြီး (၉) လအတွင်း အပြီးပေးသွင်းရမည်၊

(ဂ) ကနဦးငွေပေးသွင်းရန် ပျက်ကွက်ပါက တင်ဒါအာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူရမည်။ ကနဦးငွေပေးသွင်းပြီး ကျန်ငွေကို ပေးသွင်းခြင်းမရှိပါက ကနဦးပေးသွင်းသည့်ငွေကိုလည်း နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူရမည်။

၃၅။ နိုင်ငံပိုင်ပစ္စည်းများ ငှားရမ်းခြင်းအား အထက်တွင်ဖော်ပြထားသော ရောင်းချခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ရပါမည်။

## ငှားရမ်းခြင်းအတွက် ငွေပေးသွင်းမှု

၃၆။ ငှားရမ်းခြင်းအတွက် ငွေပေးသွင်းမှုကို သက်ဆိုင်ရာငှားရမ်းသည့် အစိုးရဌာနအဖွဲ့အစည်းက စာချုပ်ပါ ငှားရမ်းခနှုန်းထားများအတိုင်း လက်ခံရယူ၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ငွေစာရင်းသို့ ပေးသွင်းရန် ဖြစ်ပါသည်။ နိုင်ငံပိုင်ပစ္စည်းများ ငှားရမ်းခြင်းအတွက် ငွေပေးသွင်းမှုကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) စာချုပ်လက်မှတ်ရေးထိုးသည့် နေ့ရက်တွင် ငှားရမ်းမှုတန်ဖိုး၏ (၁) လစာအား စပေါ်ငွေအဖြစ် ထားရှိရမည်၊

(ခ) ငှားရမ်းမှုမစတင်မီ ငှားရမ်းခ (၁၂) လစာ အား ကြိုတင်ပေးသွင်းရမည်၊

(ဂ) ကျန်ငွေများကို စာချုပ်ပါစည်းကမ်းချက်အတိုင်း ပေးသွင်းရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက် ( ၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ - ၂၀၈ (င) အရ ကြော်ငြာစာ

**ကြယ်တစ်ဆယ့်တစ်ပွင့်အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်**

**(ELEVEN STAR INTERNATIONAL COMPANY LIMITED) အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးကို တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၆. ၆. ၂၀၁၇ |
| ကျင်းပမည့်အချိန် | - | နံနက် (၁၀း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အမှတ် (၅၈)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည် ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

DAW SAN KYI
B.Com (Q), C.P.A
Certified Public Accountant
AUDITOR & FINANCIAL CONSULTANT

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ - ၂၀၈ (င) အရ ကြော်ငြာစာ

**ဒက္ခိဏ ကြယ်စင်များ ကုမ္ပဏီလီမိတက်**

**(DEKHINA STARS COMPANY LIMITED) အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးကို တင်ပြ အတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၆. ၆. ၂၀၁၇ |
| ကျင်းပမည့်အချိန် | - | နံနက် (၁၀း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အမှတ် (၅၄/ဂျီ)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်း ပြီးစီးမှုများကို တင်ပြမည် ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

DAW SAN KYI
B.Com (Q), C.P.A
Certified Public Accountant
AUDITOR & FINANCIAL CONSULTANT

**မက်ဒစ်တေးရီးနီးယန်း အင်တာနေရှင်နယ် အက်ဂျူကေးရှင်း ဆားဗစ်စစ်(စ်) ကုမ္ပဏီလီမိတက်**

**(MEDITERRANEAN INTERNATIONAL EDUCATION SERVICES COMPANY LIMITED)**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူး အစည်းအဝေးဆုံးဖြတ်ချက်အရ **မက်ဒစ်တေးရီးနီးယန်း အင်တာနေရှင်နယ် အက်ဂျူကေးရှင်း ဆားဗစ်စစ်(စ်) ကုမ္ပဏီလီမိတက် (MEDITERRANEAN INTERNATIONAL EDUCATION SERVICES COMPANY LIMITED)** အား (၂၈. ၄. ၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်သင်းသီရိဗို (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Daw Thyn Thiri Bo
Advocate (LL.B)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## Notice Under Section 206 (1) Myanmar Companies Act.
## ALLIANCE ENERGY COMPANY LIMITED
## (Members Voluntary Winding - Up)

Notice is hereby given that in accordance with the Special Resolutions of members meeting held 25th May, 2017 at No. (156), First Floor, Mahabandoola Street, Pazundaung Township, Yangon Region, Myanmar it was resolved as required by section 203 (2) Myanmar Company Act ;-

(1) **ALLIANCE ENERGY COMPANY LIMITED** be winding up voluntarily with effect from 25th June, 2017.

(2) That **U YE NOOS** (Supreme Court Advocate), **YE NOOS & ASSOCIATES (Law Firm)** has been appointed as Liquidator and **MR. ZHAO YONG** (P.P.No. P 01657206), Director of the company also has been appointed as Co-Liquidator with effect from 25th May, 2017.

**CO.LIQUIDATOR**

MR. ZHAO YONG
Director
ALLIANCE ENERGY CO.,LTD.
No. (156), First Floor, Mahabandoola Street,
Pazundaung Township, Yangon Region.

**LIQUIDATOR**

U YE NOOS
(LL.B)
Supreme Court Advocate
YE NOOS & ASSOCIATES (Law Firm)
No. 176, (First Floor), Botahtaung Pagoda Road,
Pazundaung Township, Yangon.

## Myanmar CPAC Services Company Limited
## (Notice Under Section 208 -E)

Notice is hereby given that Final General Meeting of the Contributors and the Creditor's Meeting of Myanmar CPAC Services Company Limited. Under Section (208 -E) of the Myanmar Companies Act will be convened at Liquidator's office, No. 33, Bahan 2nd Street, Myoma Quarter, Bahan Township, Yangon on (1-6-2017) at 10:00 am for the purpose of laying an account of the final winding up.

Daw Winn Htay
Liquidator

Daw Tin Tin Nu
Co-Liquidator

## ဘလက်(ခ်) ဟော့ (စ်) ကုမ္ပဏီလီမိတက်
## (BLACK HORSE COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ မေလ (၂၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဘလက်(ခ်) ဟော့ (စ်) ကုမ္ပဏီလီမိတက် (BLACK HORSE COMPANY LIMITED)** အား (၂၅-၅-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဖြူမာကျော်
Managing Director
Black Horse Company Limited

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၁၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## မွန်း ကရဲ(ဘ်) ကုမ္ပဏီလီမိတက်
## (MOON CRAB COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ မေလ (၂၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မွန်း ကရဲ(ဘ်) ကုမ္ပဏီလီမိတက် (MOON CRAB COMPANY LIMITED)** အား (၂၅-၅-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်တင်တင်ဆွေ
Managing Director
Moon Crab Company Limited

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၁၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## PEOPLE MEDIA PUBLIC COMPANY LIMITED

ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **PEOPLE MEDIA PUBLIC COMPANY LIMITED** ကို အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၇ ခုနှစ်၊ မေလ (၁၉) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| KYAW WIN | ဦးဇင်ဝေ |
| MANAGING DIRECTOR | B.Com, C. P. A (210) |
| PEOPLE MEDIA PUBLIC CO.,LTD. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## ECO COMMUNICATION PUBLIC COMPANY LIMITED

ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **ECO COMMUNICATION PUBLIC COMPANY LIMITED** ကို အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၇ ခုနှစ်၊ မေလ (၁၉) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| KYAW WIN | ဦးဇင်ဝေ |
| MANAGING DIRECTOR | B.Com, C. P. A (210) |
| ECO COMMUNICATION PUBLIC CO.,LTD. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ - ၂၀၈ (င) အရ ကြေညာစာ

**အောင်ပန်းဆင် ကုမ္ပဏီလီမိတက်**

**(Aung Pan Sin Company Limited)**

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဇွန်လ (၂၆) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ်-(၁၂)၊ ခေမာသီလမ်း၊ မိချောင်းကန် (၃) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များရှင်းပြရန်၊

ဒေါ်မီမီကျော်
ဘီကွမ်း၊ စီ-ပီ-အေ
လက်မှတ်ရပြည်သူ့စာရင်းကိုင်၊ စာရင်းစစ်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**အီးအက်(ဖ်)အာ(ရ်) ဂလိုဘဲလ် လော့ဂျစ်တစ်က်စ် ကုမ္ပဏီလီမိတက်**

**(E.F.R Global Logistics Co.Ltd.)**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ မေလ (၂) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အီးအက်(ဖ်)အာ(ရ်) ဂလိုဘဲလ် လော့ဂျစ်တစ်က်စ် ကုမ္ပဏီလီမိတက် (E.F.R Global Logistics Co.Ltd.)** အား (၂၆-၅-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Managing Director
E.F.R GLOBAL LOGISTIC CO.,LTD.

ဦးမြတ်လွင်မိုး
[B.Com (Q), C.P.A]
လက်မှတ်ရပြည်သူ့စာရင်းကိုင် (စာရင်းစစ်)
တိုက် (၃၀)၊ အခန်း (၄-က) ၄-ထပ်၊ မဟ္လာကုန်းလမ်းနှင့်
ကျောက်ရေတွင်းလမ်းထောင့်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ပ၊ ထ၊ န - အမှတ် ၆၆၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၂၆-၅-၂၀၁၇။